
စိတ်ကူးချိုချိုအနုပညာ



# HOW TO WIN FRIENDS AND INFLUENCE PEOPLE IN DIGITAL AGE

DALE CARNEGIE & ASSOCIATES

ဒေးလ်ကာနေဂီ

# ဒီဂျစ်တယ်ခေတ် [illegible]နည်း


ကြည်သာရွှေ [illegible]

ဒီဂျစ်တယ်ခေတ်မှာ
မိတ်ဆွေအပေါင်းအသင်း[illegible]
[illegible]

mgyoe.com

mgyoe.com

ဒီကျစ်တယ်ပြေဝဏ်မှာ
မိဟ်ရေဆွ ဆလိုင်းဆောင်းပေါ်ဟားပြီး
ပြကတ္တပါး မိုး ဆု ၃ ရှိကောင်
ကယ်လိုက်ပမည် ...



mgyoe

ktt 0003 / 2300

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၇၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

၈၀၈·၈၃

ဒေးလ်ကာနက်ဂျီ၏ဒီဂျစ်တယ်ခေတ်လူပေါ်လူဇော်လုပ်နည်း
ကြည်သာထွန်း - နေ့ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၁၉၉ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) ဒေးလ်ကာနက်ဂျီ၏ဒီဂျစ်တယ်ခေတ်လူပေါ်လူဇော်လုပ်နည်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဒေးလ်ကာနက်ဂျီ၏ ဒီဂျစ်တယ်ခေတ် လူပေါ်လူဇော်လုပ်နည်း

# HOW TO WIN FRIENDS AND INFLUENCE PEOPLE IN DIGITAL AGE

Dale Carnegie & Associates

ကြည်သာထွန်း

မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


အပိုင်း (၁) ပေါင်းသင်းဆက်ဆံရေးအတွက် မရှိမဖြစ် လိုအပ်ချက်များ ၁

၁။ ကိုယ့်ရှူးကိုယ်မပတ်ပါစေနဲ့ ၂

၂။ ကောင်းကွက်ကိုရှာပါ ၁၄

၃။ ရင်ထဲကဆန္ဒကို မြင်အောင်ကြည့်ပါ ၂၅

အပိုင်း (၂) အထင်ကြီးလေးစားမှုကို ထိန်းထားနိုင်သော
နည်းလမ်း ခြောက်သွယ် ၃၅

၁။ တစ်ဖက်လူကို စိတ်ဝင်စားပါ ၃၆

၂။ ပြုံးပါ ၄၈

၃။ အမည်တို့၏အင်အား ၅၈

၄။ ကြာကြာနားထောင်ပါ ၆၈

၅။ တစ်ဖက်သား ဘာဖြစ်သလဲဆိုတာ ဆွေးနွေးပါ ၇၆

၆။ ကောင်းသောခံစားချက်လေး စွဲထင်ကျန်ရစ်အောင်
လုပ်ပေးပါ ၈၃


mgyoe.com

mgyoe.com



အပိုင်း (၃) တစ်ဖက်သားရဲ့ ယုံကြည်မှုကို ထိုက်တန်အောင်
ဘယ်လိုလုပ်ပေးမလဲ၊ ဘယ်လိုထိန်းသိမ်းမလဲ ၉၁
၁။ အငြင်းပွားမှုကို ရှောင်ကြဉ်ပါ ၉၂
၂။ "မင်းမှားတယ်" လို့ ဘယ်တော့မှမပြောပါနှင့် ၉၈
၃။ အမှားကို မြန်မြန်ဝန်ခံပါ ၁၀၆
၄။ ဖော်ရွေသည့် လမ်းကြောင်းမှ စတင်ပါ ၁၁၂
၅။ ချစ်ကြည်ရင်းနှီးမှုကို ရှာဖွေပါ ၁၁၉
၆။ ဂုဏ်မမောက်ပါနှင့် ၁၂၆
၇။ စာနာစိတ်ဖြင့် ဆက်ဆံပါ ၁၃၂
၈။ စိတ်ဓာတ်မြင့်မြင့်ထားရန် မေတ္တာရပ်ခံပါ ၁၃၈
၉။ တူသောခရီးကို မျှဝေပါ ၁၄၅
၁၀။ စိန်ခေါ်မှုတစ်ခုကို ရင်ဆိုင်ပါ ၁၅၂

အပိုင်း (၄) ခုခံကာကွယ်မှုများ၊ မကျေနပ်မှုများ မရှိဘဲ
အပြောင်းအလဲတစ်ရပ်ကို ဘယ်လိုဦးဆောင်မလဲ ၁၅၇
၁။ အစကောင်းပါစေ ၁၅၈
၂။ အမှားကို ဝန်ခံပါ ၁၆၄
၃။ အမှားကို တိုးတိုးတိတ်တိတ် ထောက်ပြပါ ၁၆၈
၄။ တိုက်ရိုက်ညွှန်ကြားခြင်းထက် မေးခွန်းများ မေးပါ ၁၇၃
၅။ သိက္ခာဆည်ပေးပါ ၁၇၈
၆။ အောင်မြင်မှုကို ဆပွားပါ ၁၈၄
၇။ ကောင်းမွန်သောဂုဏ်သတင်းကို ဆောင်ကြဉ်းပေးပါ ၁၈၉
၈။ အခြေခံတူညီပါစေ ၁၉၃

mgyoe.com

mgyoe.com

# အပိုင်း – ၁

## ပေါင်းသင်းဆက်ဆံရေးအတွက် မရှိမဖြစ် လိုအပ်ချက်များ

mgyoe.com

mgyoe.com

## အခန်း (၁)

## ကိုယ့်ရှူးကိုယ်မပတ်ပါစေနဲ့

'လူတွေ မစဉ်းစားတာဟာ ခေါင်းဆောင်တွေအတွက် ဘယ်လောက်များ ကံကောင်းလိုက်သလဲ' ဆိုသည့်စကားရပ်နှင့် 'အာဏာအတွက် အာဏာဆိုတာကို ကျုပ် စိတ်မဝင်စားဘူး။ ကိုယ်ကျင့်တရားနဲ့ ညီညွတ်တဲ့ အာဏာသာလျှင် မှန်ကန်ပြီးကောင်းမွန်တယ်' ဆိုသည့် စကားရပ်တို့ကို နှိုင်းယှဉ်ကြည့်ပါ။ အဒေါ့ဖ်ဟစ်တလာနှင့် မာတင်လူသာကင်း ဂျူနီယာ တို့၏ ပြောစကားများဖြစ်သည်။

ကွဲပြားမှုမှာ ထင်သာမြင်သာ ရှိလှပါသည်။ ပထမစကားရပ်က ဩဇာအာဏာသည် လှည့်ဖျားကောက်ကျစ်မှု၊ အထက်စီးက ဆက်ဆံမှုတို့ ရောပြွမ်းနေသော အတ္တဆန်သည့်သဘာဝကို ဖော်ညွှန်းသည်။ ဒုတိယ စကားရပ်က ဩဇာအာဏာသည် အကောင်းတကာတို့ စုပြီး ယုံကြည်ရသည့် သဘောသဘာဝကို ဖော်ညွှန်းသည်။ ကျွန်တော်တို့ နေ့စဉ်သုံးစွဲနေသော စကားလုံးတို့သည် ထိုအစွန်းနှစ်ရပ်၏ ကြားထဲတွင် ရှိနေပါသည်။ ထိုအစွန်းနှစ်ပါး၏ ဖာတ်သိမ်းပိုင်းတစ်ခုစီကို သမိုင်းတွင် တွေ့မြင်ခဲ့ရပြီး ဖြစ်သည်။ ကျွန်တော်တို့သည် တစ်ဖက်သားနှင့် ပြောဆိုဆက်ဆံရာတွင် တစ်ဖက်လူကို နှိမ့်ချခြင်းနှင့် မြှင့်မြှောက်ခြင်းဟူသော နည်းလမ်းနှစ်သွယ်

mgyoe.com

mgyoe.com


ဖြင့် ဆက်ဆံလျက်ရှိကြသည်မဟုတ်ပါလား။

ဤနေရာတွင် ကာနက်ဂျီက မဝေဖန်နှင့်၊ မပုတ်ခတ်နှင့်၊ သို့မဟုတ် စောဒကမတက်နှင့်ဟု အကြံပေးထားပါသည်။ သို့သော် ယနေ့ခေတ်တွင် ထိုသို့ နေထိုင်ဖို့ဆိုသည်မှာ ပို၍ပို၍ ခက်ခဲသောအရာတစ်ခု ဖြစ်လာသည်။ စကားကို ဂရုတစိုက်ပြောရမည်ဟု ဆိုခြင်းသည်ပင်လျှင် လှောင်တွက်၍ ပြောသလို ဖြစ်နေသည်။ အလွန်ကြီးမားကျယ်ပြန့်လှသည့် အင်တာနက်ဟုခေါ်သော ဒီဂျစ်တယ်ကင်းဗတ်စကြီးပေါ်တွင် ကိုယ့်အတွေးကိုတင်လိုက်ခြင်းသည် လူကြားသူကြားထဲတွင် ပြောချင်ရာပြောလိုက်သလိုပင်ဖြစ်သည်။

'ဒီဂျစ်တယ်ဆက်သွယ်မှုစနစ်က လူတွေကြားထဲမှာ အမြန်ဆုံးနဲ့ ဈေးအသက်သာဆုံး နည်းလမ်းနဲ့ ပို့ဆောင်ပေးတယ်။ တစ်ယောက်ယောက်ရဲ့ ဂုဏ်သတင်းကျော်ကြားမှုကို တိုက်ခိုက်တဲ့နေရာမှာ ဒီနေ့ခေတ်နည်းပညာဟာ ဘယ်တုန်းကနဲ့မှ မတူအောင် မြန်ဆန်ပြီး လွယ်ကူနေပြီ' ဟု Enchantment ဟူသည့် အရောင်းရဆုံး စာအုပ်တစ်အုပ်ကို ရေးသားခဲ့သူ ဂိုင်းကာဝါဆာကီက ဆိုသည်။

ဆက်သွယ်ရ မြန်ဆန်လွယ်ကူခြင်းသည် ကောင်းသောအချက်ဖြစ်သည်။ ထိုကောင်းသောအချက်ပင်လျှင် ယနေ့ခေတ်၏ မဝေဖန်နှင့်၊ မပုတ်ခတ်နှင့်၊ စောဒကမတက်နှင့်ဟူသော သဘောတရားကို ပြန်လည်အသက်ဝင်လာစေသည့် အချက်ဖြစ်လာတော့သည်။ တစ်ချိန်က လူမသိသူမသိ ဝေဖန်ပုတ်ခတ်မှုတို့သည် ယနေ့ခေတ်တွင် ပြစ်ဒဏ်ကျခံရမည့်ကိစ္စများ ဖြစ်လာသည်။

ဒေါက်တာ ပက်ထရစ် မိုက်ကယ် နက်စ်ဘစ်၏ အဖြစ်ကိုကြည့်ပါ။ သူသည် ကနေဒါနိုင်ငံသား ဆရာဝန်တစ်ဦးဖြစ်သည်။ သူက Facebook ပေါ်တွင် သူ့သမီး၏ မိခင်ဖြစ်သူ (တရားဝင်လင်မယားမဟုတ်)ကို ဂုဏ်သိက္ခာကျဆင်းစေမည့် အရေးအသားမျိုး ရေးသားခဲ့သည်။ ထိုအတွက် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ပေးဆောင်ခဲ့ရသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ လီဗာပူး ဘောလုံးအသင်း၏ ဒတ်ချ်တိုက်စစ်မှူး ရိုင်ယန်ဘာဘဲလ် ဖြစ်သည်။ သူက မန်ချက်စတာယူနိုက်တက်အသင်းကို ရှုံးပြီးနောက် တွစ်တာ (Twitter) တွင် ကွင်းလယ်ဒိုင်လူကြီး

mgyoe.com

mgyoe.com


ဟောင်းဝပ်ဝက်ဘ်၏ပုံကို တင်လိုက်ပြီး အောက်မှ 'သူတို့က ဒီလူကို အကောင်းဆုံးဒိုင်တွေထဲက တစ်ယောက်လို့ ခေါ်ကြတယ်။ ဟာသပဲ' ဟု ရေးလိုက်သည်။ သူလည်း ပေါင် ၁၀၀၀၀ ဒဏ်ငွေ ချမှတ်ခံလိုက်ရသည်။ ထိုဖြစ်ရပ်နှင့် ပတ်သက်၍ ဘီဘီစီ ဘလော့ဂါတစ်ဦးဖြစ်သူ ဘင်ဒါးစ်က 'လွန်ခဲ့တဲ့ တစ်နှစ်လောက်ကဆိုရင် ဘာဘဲလ်ဟာ ဒေါသအရမ်းထွက်ပြီး သူ့ရည်းစားကောင်မလေးကို ပြောပြရုံလောက်ပဲ ရှိမှာပါ။ အခုတော့ သူ့လက်ချောင်းလေးတွေထိပ်မှာ တစ်ကမ္ဘာလုံးကို ပြောပြဖို့အတွက် အရမ်းအဆင်ပြေတဲ့ ကိရိယာ ရှိနေပြီလေ' ဟု သုံးသပ်ခဲ့သည်။

မိတ်ဆွေ အပေါင်းအသင်းများကြားတွင် အမှတ်တမဲ့ ပြောဆိုဝေဖန်မှုလေးတစ်ခုသည်ပင်လျှင် ယခုခေတ်တွင် ဒဏ်ငွေဆောင်ရမည့်ကိန်းဆိုက်လာသည်။ ၂၀၀၉ ခုနှစ်တွင် Proofpoint က အမေရိကန်ကုမ္ပဏီဝန်ထမ်းထောင်ဂဏန်းကို စစ်တမ်းကောက်ခဲ့ရာ ၈ ရာခိုင်နှုန်းမှာ Facebook, LinkedIn စသည့် လူမှုကွန်ရက်များတွင် သဘောထားမှတ်ချက်ရေးရာမှ အလုပ်ထုတ်ခံခဲ့ရကြောင်း တွေ့ရှိခဲ့ရသည်။ ၂၀၁၁ခုနှစ်တွင် Huffington Post ကလည်း ဖေ့စ်ဘွတ်ခ်တွင် ရေးသားမိ၍ အလုပ်ထုတ်ခံရသူ ၁၃ ဦးအကြောင်း တင်ပြခဲ့သည်။ အလုပ်ထုတ်ခံရခြင်းများတွင် အောက်ပါပြဿနာများပါဝင်သည်။

- ပီဇာဆိုင်မှ ဝန်ထမ်းအမျိုးသမီးငယ်တစ်ဦးသည် စားသုံးသူနှစ်ယောက်ကို သုံးနာရီမျှစောင့်ခံခဲ့ရပြီး မုန့်ဖိုးနည်းနည်းသာ ရလိုက်သည်။ ထိုသုံးနာရီတွင် သူအလုပ်ဆင်းရမည့်အချိန်ထက် တစ်နာရီပိုပါသွားခဲ့သည်။ သူက ထိုစားသုံးသူနှစ်ဦးကို ဖေ့စ်ဘွတ်ခ်ပေါ်တွင် 'အပေါစားတွေ' ဟု ရေးလိုက်မိသဖြင့် အလုပ်ထုတ်ခံခဲ့ရသည်။
- ဖီလာဒဲဖီးယားအီးဂဲလ်အသင်းမှ ကစားကွင်းဝန်ထမ်း တစ်ဦးသည် သူနှစ်သက်သော ကစားသမား ဘရိုင်ယန်ဒေါ့ကင်းကို အသင်းက ဒင်ဘာဘရွန်ကော့စ်အသင်းနှင့် စာချုပ်ရန် ခွင့်ပြုလိုက်သောကြောင့် အသင်းကို ဝေဖန်ပြစ်တင်ခဲ့၍ အလုပ်ထုတ်ခံခဲ့ရသည်။

mgyoe.com

- ကနေဒါ ကုန်ခြောက်ဆိုင်တစ်ဆိုင်မှ ဝန်ထမ်း ခုနစ်ဦးသည် I got Farm Boy'd ဟု အမည်ပေးထားသည့် ဖေ့စ်ဘွတ်ခ် အုပ်စု (group) တစ်ခုဖွဲ့ထားသည်။ ထိုအုပ်စုပေါ်တွင် ဝယ်သူများအကြောင်း ဝေဖန်ရေးသားခဲ့သောကြောင့် အလုပ်ထုတ်ခံခဲ့ရသည်။

လူမှုဆက်ဆံရေးမီဒီယာများပေါ်တွင် ဝေဖန်လိုက်ခြင်းသည်ကရုဏာစိတ်ဖြင့် တင်လိုက်သော စာတစ်ကြောင်းထက် ပိုမိုပျံ့နှံ့လွယ်သည်။ ထို့အတူ ခွင့်လွှတ်နားလည်ပေးကြသည်ထက် တရားစီရင်လိုက်ကြသည်ကပိုများကြောင်း မြင်တွေ့ကြရပေလိမ့်မည်။ လူများစုသည် အခြားသူ တစ်ဦးမှားယွင်းလျှင် လွတ်လပ်စွာပြောဆိုခွင့်ကို ကိုင်စွဲတတ်ကြပြီး မိမိမှားယွင်းလျှင် လွတ်လပ်စွာ ဆိတ်ဆိတ်နေခွင့်ကို ကိုင်စွဲတတ်ကြပါသည်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို ဓားသဖွယ်ကိုင်စွဲပြီး အသရေဖျက်မှုကို ဒိုင်းသဖွယ်ကိုင်စွဲထားသည်ဆိုပါလျှင် လူသားဆက်ဆံရေး နယ်ပယ်သည် စစ်မြေပြင်တစ်ခုသာ ဖြစ်လာပါလိမ့်မည်။ မည်သို့ပင်ဆိုစေ ဝေဖန်မှုနှင့် စောဒကတက်သည့် ယဉ်ကျေးမှုတို့သည် ကံမကောင်း အကြောင်းမလှစွာပင် လက်တွေ့ရှိနေသည့် အမှန်တရားများဖြစ်နေပါသည်။

ဩဇာတိက္ကမ ကြီးမားသူတို့သည် ကိုယ့်ဘက်က ဘယ်လောက်မှန်ပြီး တစ်ဖက်က ဘယ်လောက်မှားပါစေ မမျိုမသိပ်ဘဲ လက်လွှတ်စပယ်မပြောဆိုကြပေ။ ထိုသို့ပြောဆိုမှုသည် ဆက်ဆံရေးကို မည်သည့်နည်းနှင့်မဆို ထိခိုက်ပျက်စီးစေတတ်သည်ဟု နားလည်ထားသူများ ဖြစ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် ကိုယ်တည်ဆောက်ထားတာထက်ပိုပြီး ပျက်စီးမှုကိုဖြစ်စေနိုင်သည်။ အပြန်အလှန် ဆက်ဆံရေးကို အဆင်ပြေနေရာမှ တင်းမာလာစေနိုင်သည်။ ထို့ကြောင့် ယနေ့ခေတ်တွင် ကျွန်တော်တို့သည် ခေါင်းဆောင်ကောင်းများထက် စကားများသော ခေါင်းဆောင်များကိုသာ ရရှိထားကြသည်မှာ အံ့ဩစရာတော့မဟုတ်ပါ။ အများစုမှာဖြစ်ကြောင်းကုန်စင်ကို ပြောရုံထက် ဘာမှပို၍ မလုပ်တတ်ကြ။ ဖြစ်သမျှအကုန် လျှောက်ပြောနေခြင်းသည် ညံ့ဖျင်းသောရလဒ်တစ်ခု ထွက်ပေါ်လာစေနိုင်ရုံတင်မကပါ၊ လောင်စာတစ်ခုလည်း ဖြစ်သည်။ 'ကိုယ်ပြောလိုသည့် စိတ်ရင်း'

mgyoe.com

mgyoe.com


နှင့် 'အဓိပ္ပာယ်ရှိသည့် ပူးပေါင်းဆောင်ရွက်မှု' တို့အကြားတွင် ရှိနေသော ကွာဟချက်ကို မီးလောင်ရာ လေပင့်သလိုသာ ရှိစေပါလိမ့်မည်။

စစ်မှန်သော ခေါင်းဆောင်ကောင်းတစ်ယောက်သည် တင်းမာနေသည့် အနေအထားမှာပင် ဂုဏ်သိက္ခာရှိရှိ ဖြေရှင်းနိုင်ရသည်။ အမေရိကန်သမ္မတလင်ကွန်းသည် သာဓကဆောင်စရာ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ ပြည်တွင်းစစ်အတွင်း မဟာဗျူဟာမြောက် အမှားတစ်ခုကို သူဘယ်လိုရင်ဆိုင်ဖြေရှင်းခဲ့သလဲ ဆိုသည်ကို ကြည့်ပါ။

ဂတ်တီစဘတ်တိုက်ပွဲသည် ၁၈၆၃ ခုနှစ် ဇွန်လ၏ ပထမဆုံး သုံးရက်တွင် တိုက်ခိုက်သည့် တိုက်ပွဲဖြစ်သည်။ ဇူလိုင် ၄ ရက် ညတွင် ဗိုလ်ချုပ်ရောဘတ်လီသည် တောင်ပိုင်းသို့ စတင်ဆုတ်ခွာခဲ့ရသည်။ ထိုအချိန်မှာပင် မုန်တိုင်းတိမ်တိုက်တို့က မိုးသားများစွာကို သယ်ဆောင်ကျဲဖြန့်လိုက်သည်။ ဗိုလ်ချုပ်လီ၏ ဆုတ်ခွာလာရသော တပ်ကြီးသည် ပိုတိုမက်သို့ ရောက်လျှင် ခရီးဆက်နိုင်စရာမရှိတော့။ ရှေ့တွင် ဘယ်လိုမှဖြတ်သန်းရန် မဖြစ်နိုင်သည့် ဒေါသတကြီးစီးဆင်းနေသောမြစ်ကြီး ခံနေသည်။ နောက်တွင် အောင်ပွဲခံပြည်ထောင်စုတပ်မတော်ကြီး။ ဗိုလ်ချုပ်လီအတွက် ထွက်ပေါက်မရှိတော့။ ပြည်ထောင်စုတပ်မတော်အနေနှင့် ဗိုလ်ချုပ်လီကို အမိဖမ်းပြီး ပြည်တွင်းစစ်ကို စောစီးစွာအဆုံးသတ်ရန် မဟာအခွင့်အရေးကြီးရလိုက်ခြင်းဖြစ်သည်။

သမ္မတလင်ကွန်းက စစ်ကောင်စီမခေါ်ဘဲ ဗိုလ်ချုပ်လီကို အပြတ်တိုက်ရန် ဗိုလ်ချုပ် ဂျော့မေဒီထံ ကြေးနန်းရိုက်လိုက်သည်။ အထူးဆက်သားတစ်ယောက်ကိုလည်း ချက်ချင်းစေလွှတ်ပြီး မဆိုင်းမတွ တိုက်ပွဲဝင်ရန် တိုက်တွန်းသည်။ သို့သော် ဗိုလ်ချုပ်မေဒီက စစ်ကောင်စီ ခေါ်လိုက်သည်။ တိုက်ဖို့ ချီတုံချတုံ ဖြစ်နေသည်။ နောက်ဆုံးတွင် မြစ်ရေလျော့ကျသွားပြီး ဗိုလ်ချုပ်လီနှင့် သူ၏တပ်များ မြစ်ကမ်းတစ်ဖက်သို့ ကူးသွားနိုင်ခဲ့သည်။

သမ္မတ လင်ကွန်း ဒေါသပုန်ထလေပြီ။ ဗိုလ်ချုပ်မေဒီထံသို့ စာတစ်စောင် ချက်ချင်းရေးလိုက်သည်။

ချစ်ခင်ရပါသော ဗိုလ်ချုပ် ခင်ဗျား–

ဗိုလ်ချုပ်လီ လွတ်မြောက်သွားတဲ့အရေးမှာ ကံမကောင်း အကြောင်းမလှတာကို ဗိုလ်ချုပ်အနေနဲ့ သဘော

mgyoe.com

mgyoe.com


ကျမယ်လို့ မထင်ပါဘူး။ သူဟာ ကျုပ်တို့ရဲ့ လက်တစ်ကမ်းအကွာကို ရောက်ခဲ့တာပါ။ သူ့ကို ဖမ်းယူနိုင်မှုဟာ ကျုပ်တို့ရဲ့နောက်ပိုင်းအောင်မြင်မှုတွေနဲ့ ဆက်စပ်နေပါတယ်။ စစ်ပွဲကြီး ရပ်တန့်သွားနိုင်ပါတယ်။ ပြီးခဲ့တဲ့ တနင်္လာနေ့က ဗိုလ်ချုပ်ဟာ သူ့ကို မတိုက်ခိုက်နိုင်ဘူးဆိုရင် တောင်ပိုင်းမှာ ဘယ်လိုတိုက်ခိုက်မလဲ။ အဲဒီဘက်မှာဆိုရင် လက်ရှိအင်အားရဲ့ အလွန်ဆုံး သုံးပုံနှစ်ပုံကိုပဲ ခေါ်သွားနိုင်မှာမဟုတ်လား။ ဒါဟာ မျှော်လင့်စရာမဟုတ်သလို ကျုပ်ကလည်း ဗိုလ်ချုပ်လုပ်နိုင်မယ်လို့ မျှော်လင့်မထားပါဘူး။ ဗိုလ်ချုပ်ရဲ့ ရွှေရောင်အခွင့်အရေးကြီးဟာ ဆုံးရှုံးသွားပါပြီ။ ဒီအတွက် ကျုပ်လည်း အတိုင်းမသိအောင် စိတ်ထိခိုက်ရပါတယ်။

သို့သော် သမ္မတလင်ကွန်းသည် ထိုစာကို ဘယ်တုန်းကမှ မပို့ခဲ့ပါ။ သူကွယ်လွန်ပြီးသည့်နောက်မှသာ သူ၏စာရွက်စာတမ်းများထဲမှ ထိုစာကို တွေ့ရခြင်းဖြစ်သည်။

သမ္မတလင်ကွန်းသည် လူမှုဆက်ဆံရေးတွင် ဆရာကျသူတစ်ဦးဖြစ်သည်။ သူပြောသမျှသည် ကရုဏာတရားပေါ်တွင် အခြေပြုသည်။ ထိုစာကို ပို့လိုက်လျှင် သူ၏ဒေါသများ အတန်ငယ် ပြေပျောက်သွားနိုင်သည်။ သို့သော်တစ်ချိန်တည်းမှာပင် ဗိုလ်ချုပ်မေဒီ၏ စိတ်ပျက်အားငယ်မှုကို မီးလောင်ရာလေပင့် ဖြစ်သွားမည်ကို သူတွေးပုံရပါသည်။ ထို့ထက်ပို၍ဆိုရလျှင် တိုက်ပွဲဝင် ဗိုလ်ချုပ်ကောင်းတစ်ဦးကို ဆုံးရှုံးရမည်ဖြစ်သည်။

ဗိုလ်ချုပ်မေဒီသည် များမကြာမီရက်ပိုင်းကမှ ပိုတိုမက်တပ်မကြီး၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့ရသူဖြစ်သည်။ ထို့ကြောင့် သူ့ပေါ်တွင် ကြီးလှစွာသော စိတ်ဖိစီးမှုရှိနေမည်မှာ အသေအချာပင်။ ဒီကြားထဲတွင် သူနှင့် သူအမိန့်ပေးရမည့် ပုဂ္ဂိုလ်များအကြား စိတ်ဝမ်းကွဲသွားလျှင် ပိုဆိုးသွားပေလိမ့်မည်။ သမ္မတလင်ကွန်းအနေနှင့် အထက်ပါစာကို ပို့လိုက်လျှင် စကားလုံးတိုက်ပွဲတွင်တော့ အနိုင်ရသွားပါလိမ့်မည်။ ဩဇာထူထောင်မှု စစ်ပွဲကြီးတွင်တော့ အရေးနိမ့်သွားတော့မည်သာ ဖြစ်သည်။

mgyoe.com

mgyoe.com

ယင်းသို့ဆိုသဖြင့် ဗိုလ်ချုပ်မေဒီ၏ အမှားကိုထောက်မပြရတော့ဘူး ဟုတော့ မဆိုလိုပါ။ ထောက်ပြသည့်နေရာတွင် ထိရောက်မှုရှိသည့် နည်းလမ်းနှင့် ထိရောက်မှုမရှိသည်နည်းလမ်းဟူ၍ လမ်းနှစ်သွယ်ရှိသည်ဟုသာ ဆိုလိုရင်းဖြစ်သည်။ သမ္မတလင်ကွန်းက သူ၏စိတ်ပျက်မှုကို ဂုဏ်သိက္ခာရှိသောနည်းလမ်းဖြင့် အသိပေးခဲ့သည်။ ယင်းသို့ ပြုလုပ်လိုက်ခြင်းသည် ပင်လျှင် ဗိုလ်ချုပ်မေဒီကို သူ၏ဇာတိမြေ ဖီလာဒဲဖီးယားတွင် သေသည်အထိ နိုင်ငံသားကောင်းတစ်ယောက်အဖြစ် အလုပ်လုပ်ကိုင် နေထိုင်သွားရန် တွန်းအားတစ်ရပ်ဖြစ်လာစေခဲ့သည်။ သမ္မတလင်ကွန်းသည် ဗိုလ်ချုပ်မေဒီအပေါ် သြဇာလွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းသွားနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

သမ္မတလင်ကွန်းသည် သမိုင်းတစ်လျှောက် အခြားသော အမေရိကန်သမ္မတများ အားလုံးထက်ပင် နူတ်စောင့်စည်းမှုသဘောတရားကို ပိုမိုသိနားလည်သူ တစ်ယောက်ဖြစ်သည်။ လူ့သဘောကို နှောကျေအောင်သိသူဟု ဆိုနိုင်သည်။ ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်သည့် သတ္တဝါများဖြစ်သည်။ ကိုယ့်ချမ်းသာသုခကို ထိပါးလာမည်ဆိုလျှင် ကာကွယ်သည်၊ ငြင်းပယ်သည်၊ ပုတ်ထုတ်တတ်သည်။ ကိုယ့်ဂုဏ်သိက္ခာကို အထိပါးခံ၍ပင် ယင်းသို့ လုပ်တတ်ကြပါသည်။

ကျွန်တော်ဖြစ်စေ စာဖတ်သူဖြစ်စေ ကိုယ်လုပ်သည့်အလုပ်တစ်ခု ငြင်းပယ်ခံရသည်ကို ကျေနပ်ပျော်ရွှင်နိုင်ပါမည်လား။ အငြင်းခံသင့်၍ဖြစ်စေ မသင့်၍ဖြစ်စေ ငြင်းပယ်ခံရသည်ကို နှစ်မြို့မည် မဟုတ်ကြပါ။ 'လက်ခံမှုကို မွတ်သိပ်တပ်မက်တာကြောင့် ကျွန်တော်တို့ဟာ ငြင်းပယ်မှုကို သေမလောက် ကြောက်ကြတယ်'ဟု ဟော်မုန်းပညာရှင် ဟန်ဆဲလ်ယီက ဆိုသည်။

ကိစ္စတစ်ခုဆောင်ရွက်ဖို့ သို့မဟုတ် အပြောင်းအလဲတစ်ခုလုပ်ဖို့ မိမိတင်သွင်းသည့်အဆို အောင်မြင်ရန် ဝေဖန်တိုက်ခိုက်သည့်နည်းကို အသုံးပြုခြင်းသည် နောက်သို့ ခြေလှမ်းနှစ်လှမ်းစာလောက် ပြန်ဆုတ်လိုက်ရသလိုပင်ဖြစ်သည်။ အပြောင်းအလဲပြုလုပ်ရန် လူတို့ကို ဦးဆောင်ရသည်မှာ မြင်းကို ရေချရသလိုပင်ဖြစ်သည်။ မည်သို့ဆိုစေ ကိုယ့်ရည်မှန်းချက်ထဲတွင် ငြင်းပယ်ခံရခြင်းကို ထည့်သွင်းထားမည်တော့ မဟုတ်ပေ။ ဤ

mgyoe.com

သဘောမှာ လူများစုရှေ့မှောက်တွင် ပြောဆိုရသည့်အချိန်တွင်မှ မဟုတ်ဘဲ တစ်ယောက်ချင်း နှစ်ယောက်ချင်း ပြောရဆိုရသည့်အခါတွင်လည်း ဤသဘောအတိုင်းသာဖြစ်သည်။

ဘလော့များ၊ လူမှုကွန်ရက်များတွင် ဝေဖန်ချက်တစ်ခုရေးသားလိုက်ပြီဆိုလျှင် တစ်ဖက်သားကို မဖြစ်မနေ တုံ့ပြန်ဖို့ အကျပ်ကိုင်လိုက်သလိုပင် ဖြစ်သည်။ တစ်ဖက်က တုံ့ပြန်လာပြီဆိုလျှင် သူထပ်၍ မြှင့်တင်လိုက်သော အကာအကွယ်တို့ကို ထိုးဖောက်ရန် ကိုယ့်မှာ ပြောစရာနည်းနည်းသာ ရှိတတ်သည်။ ပြီးတော့ ကိုယ်နောက်ထပ်ပြောသမျှကို တစ်ဖက်က သံသယမျက်လုံးဖြင့်သာ ကြည့်တော့မည်ဖြစ်သည်။ ပို၍ဆိုးလာလျှင် ကိုယ်ပြောသမျှကို ပြန်လည် ဝေဖန်တိုက်ခိုက်တော့မည်ဖြစ်သည်။ ထိုကြောင့် ဝေဖန်ပြောဆိုမှုတို့သည် မမြင်ရသော ဘူမာရမ်းများဖြစ်သည်။ ပစ်လွှတ်လိုက်သူဆီကို တည့်တည့်မတ်မတ် ပြန်လာမည်သာဖြစ်သည်။

ခလုတ်တစ်ချက်နှိပ်ရုံ၊ မိုက် သို့မဟုတ် ဖုန်းကင်မရာလေးရှိရုံနှင့် တစ်ကမ္ဘာလုံးသို့ ဆက်သွယ်သတင်းပေးပို့နိုင်သည့် ယနေ့ခေတ်ကြီးတွင် ယင်းသို့ ကိုယ့်ရှူးကိုယ်ပတ်သည့်ကိစ္စမျိုးသည် ပို၍ပို၍ လျင်လျင်မြန်မြန်နှင့်ဖြစ်ပေါ်လာလျက်ရှိသည်။ မင်းသားကြီး မဲလ်ဂစ်ဘ်ဆင်သည် ကံမကောင်းအကြောင်းမလှစွာပင် ယင်းပြဿနာမျိုးကို ကြုံတွေ့လိုက်ရဖူးသည်။ သူ၏ရည်းစားဟောင်းကို လူမျိုးရေးခွဲခြားပုတ်ခတ်ပြီး ပြောဆိုလိုက်မှုသည် ထိုမိန်းကလေး၏ ဖုန်းမှတ်တမ်းထဲတွင်ကျန်ရှိပြီး တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ ဟောလီဝုဒ်တွင် သူတစ်သက်လုံး ထိန်းသိမ်းလာသော ဂုဏ်သိက္ခာကို ကြီးစွာထိခိုက်စေခဲ့သည်။

အလားတူ သိက္ခာတော်ရဆရာတော် ဂျက်ဆီဂျက်ဆင်သည်လည်း ယင်းသို့ ကြုံရဖူးသည်။ သူ၏ပြောကြားချက်အချို့သည် Fox New သတင်းဌာန၏ မိုက်ခရိုဖုန်းတွင် မှတ်တမ်းဝင်သွားခြင်းဖြစ်သည်။ 'သိက္ခာတော်ရဆရာတော် ဂျက်ဆီဂျက်ဆင်ဟာ ဒီမိုကရက်တစ် အမတ်လောင်းတစ်ဦးကို လူမည်းအသိုင်းအဝိုင်းအပေါ် ကိုယ်ကျင့်တရားလိုက်နာဖို့ လက်ချာပေးတာနဲ့ပတ်သက်လို့ ပုဂ္ဂိုလ်ရေးအရ ဝေဖန်တိုက်ခိုက် ပြောကြားလိုက်ပုံရပါတယ်' ဟု CNN သတင်းဌာနက ကြေညာသွားသည်။ ဂျက်ဆီ

mgyoe.com

mgyoe.com


ဂျက်ဆင်အနေဖြင့် ချက်ချင်းဝန်ချတောင်းပန်ခဲ့သော်လည်း လူမည်းအသိုင်းအဝိုင်းမှ အရေးပါအရာရောက်သော ပုဂ္ဂိုလ်များအပေါ်တွင် ရရှိထားသော သူ၏ဩဇာလွှမ်းမိုးမှုကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်။ ထို့ထက်ပို၍ နောင်တွင် အမေရိကန်ပြည်ထောင်စု၏ ၄၄ ဆက်မြောက် သမ္မတဖြစ်လာမည့် အီလီနွိုက်အမတ်မင်း ဘာရတ်အိုဘားမားအပေါ် ၎င်း၏ထောက်ခံမှုနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာ ဖြစ်လာခဲ့သည်။

ကျွန်တော်တို့အနေဖြင့် ထိုသို့လူမှုရေးအရ အနှောင့်အယှက်ဖြစ်စေမည့် ပြောမှားဆိုမှားတို့ကို ရှောင်ရှားရပါမည်။ ပုဂ္ဂိုလ်ရေးအရ ကိုယ်ပြောလိုက်သော ဆိုးရွားသည့်စကားတစ်ခွန်းသည် ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားပြီး အများက ဘယ်လိုမြင်မလဲဆိုသည်ကို မပြောခင် ကြိုတင်သတိကပ်ထားရပါမည်။ ပိုမိုကောင်းမွန်သောနည်းလမ်းကတော့ အထက်ကပြောခဲ့သလို မဝေဖန်၊ မပုတ်ခတ်၊ စောဒကမတက်ဘဲ နေထိုင်ခြင်းသာ ဖြစ်ပါသည်။ ကိုယ်ပြောသမျှ တစ်ကမ္ဘာလုံးက ကြားနိုင်သော ခေတ်ကြီးတွင် ပြောမှားဆိုမှားရှိခဲ့လျှင် ကိုယ့်နောက်သို့ အတောမသတ်နိုင်အောင် ပြန်လည်လိုက်ပါနေမည်သာဖြစ်သည်။

ကမ္ဘာကြီးတွင် တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုဆက်ဆံမှုသည် ရှေးယခင်ကလောက် ထိန်းသိမ်းမှုမရှိဘဲ လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သော်လည်း တစ်ဖက်သားကို ဝေဖန်တိုက်ခိုက်လိုက်မှ ပို၍ အကျိုးသက်ရောက်မှုရှိသည်၊ ပို၍ အရေးပါသည်၊ ပို၍ သတင်းတန်ဖိုးရှိသည်ဟု သဘောမထားသင့်ပါ။ ကိုယ့်ကိုယ်ကိုယ် အခြားသူများနှင့် မတူစေရန် အောက်ပါ အရိုးရှင်းဆုံး နည်းလမ်းများကို အသုံးပြုနိုင်ပါသည်။

- ဆက်သွယ်ရေးကြားခံများကို အသုံးပြုရာတွင် ဖော်ထုတ်လိုက်မယ်၊ ကန့်ကွက်လိုက်မယ် စသည့် စိတ်ဓာတ်မျိုးကို ဖယ်ရှားလိုက်ပြီး အားပေးလိုက်မယ်၊ တိုက်တွန်းလိုက်မယ် စသည့် စိတ်ဓာတ်မျိုးဖြင့် အသုံးပြုလိုက်ပါ။ မိတ်ဆွေများ၊ ပရိသတ်များကို သတင်းအချက်အလက်ပေးခြင်းသည် ထိုသူတို့ မလိုချင်သည့် သတင်းမျိုးဖြစ်စေကာမူ အမှားမရှိပါ။ သတင်းပေး

mgyoe.com

mgyoe.com


ချင်သည့် စိတ်ဓာတ်ကသာ အရေးကြီးပါသည်။ ကိုယ့်လက်ထဲတွင် ကြိတ်ခြေပစ်လိုက်နိုင်သည့် ရဲတင်းကြီး ကိုင်ထားသလို သတင်းပေးခြင်းမျိုး မပြုလုပ်သင့်ပါ။ ထိုသို့ ပြောဆိုခြင်းမျိုးသည် အင်မတန်မှ ယုံကြည်ရသည့် အပေါင်းအသင်းရောင်းရင်းအချို့ကိုသာ ပြောသင့်ပါသည်။ လူတွေက ကိုယ်နှင့် တစ်ဖက်တည်း ရပ်တည်နေသည့်တိုင် ကြီးကြီးကျယ်ကျယ်ပြောခြင်း၊ ခြုံသံပါအောင် ညည်းခြင်းတို့သည် ထိုသူတို့ကို ကိုယ်နှင့် ပိုမိုနီးစပ်လာအောင် လုပ်ပေးနိုင်မည်မဟုတ်ပါ။ ထိုအကျင့်မျိုးသည် တစ်ဖက်သားက သူ့အမှားအတွက် ကိုယ့်ကို ထုတ်ပြောဖို့ ယုံကြည်ရပါ့မလားဆိုသည့် အတွေးမျိုးဝင်စေပါသည်။

- နှုတ်ထွက်ဆိုးခြင်းကို ရှောင်ကြဉ်ပါ။ ရေရှည်တွင် အဆိုးထက် အကောင်းကို ပိုဖြစ်လာစေပါလိမ့်မည်။ ကမ္ဘာ့စီးပွားရေးလောကတွင် ကိုယ့်အဓိကပြိုင်ဘက်သည် တစ်ချိန်တွင် အဓိကလက်တွဲဖော်ဖြစ်လာမည်ကို မည်သူမျှ ကြိုမသိနိုင်ပါ။ ဆက်ဆံရေးပျက်ပြားအောင် လုပ်ထားမိသူတစ်ယောက်နှင့် လက်တွဲလုပ်ကိုင်ခြင်းသည် စီးပွားရေးတိုးတက်ဖို့အတွက် အကောင်းဆုံးနည်းလမ်းဖြစ်နေသည့် အခြေအနေမျိုးနှင့် ရင်ဆိုင်လာရချိန်တွင် ဘယ်လိုလုပ်မယ်လို့ စဉ်းစားထားပါသလဲ။ ပြိုင်ဆိုင်မှုသည် ကောင်းမွန်သည့်အရာဖြစ်ပြီး လေးလေးစားစား ရှိရပါမည်။ ပူးပေါင်းဆောင်ရွက်ခြင်းသည် အတိမ်းအစောင်းမခံသောကိစ္စဖြစ်ပြီး ကာကွယ်စောင့်ရှောက်ရပါမည်။
- ကိုယ်ပြောချင်တဲ့ သတင်းစကားကို အဓိပ္ပာယ်ရှိအောင် ကိုယ့်အကြောင်းတွေ ဖယ်လိုက်ပါ။ တွစ်တာပေါ်က လူများစုသိရအောင်ဖြစ်စေ၊ လက်တစ်ဆုပ်စာ ကိုယ့်ဘုတ်အဖွဲ့ဝင်တွေပဲ သိရအောင်ဖြစ်စေ သတင်းစကားပေးသည့်အခါတွင် ကိုယ့်အတွက် ဘာတွေကအရေးကြီးတယ်ဆိုတာကို သူတို့တွေ မသိချင်ဘူးဆိုတာ သတိပြုရပါမည်။ သတင်းစကား လက်ခံရရှိသူတိုင်းဟာ ကိုယ့်ဆီကိုရောက်လာသည့် စာလုံးတိုင်းမှာ တန်ဖိုးရှိ

mgyoe.com

mgyoe.com


နေတာကို လိုချင်ကြသည်။ သူတို့၏ နားတွေ၊ အီးမေးလ် လက်ခံနေရာတွေ၊ အိုင်ဖုန်းတွေထဲတွင် ကိုယ့်ရဲ့နောက်ဆုံး ပြဿနာတွေ၊ အကြီးမားဆုံး ရင်ဆိုင်နေရတာတွေနှင့်သာ ပြည့်နေလျှင် သူတို့ ဆက်ပြီးတော့ ကြာကြာနားထောင်ချင်စိတ် ရှိတော့မှာ မဟုတ်ပါဘူး။

- တစ်ဖက်လူနှင့် ဆက်သွယ်စကားပြောချိန်မှာ ကိုယ့်စိတ်ကို အေးအေးထားပါ။ ကိုယ်မနှစ်မြို့တာနှင့် ကြုံတွေ့လိုက်ရသည့်အချိန်တွင် များသောအားဖြင့် ပထမငါးမိနစ်အတွင်း စိတ်လှုပ်ရှားမှု အမြင့်ဆုံးအနေအထားနှင့် ရင်ဆိုင်ရလေ့ရှိသည်။ သတိလက်လွတ် လုပ်တတ်တာတွေကို ထိန်းချုပ်နိုင်ပြီဆိုလျှင် ကိုယ့်ရည်ရွယ်ချက်တွေ နောက်ပြန်လှည့်သွားခြင်းမျိုး၊ ကြွားလုံးထုတ်မိ၍ အရှက်ရခြင်းမျိုးတွေကနေ ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူတိုင်းတွင် ရုတ်တရက် အသိတရားမဲ့သွားသော အခြေအနေမျိုး ကြုံဖူးလေ့ရှိပါသည်။ ယင်းသို့ အနေအထားမျိုးတွင် ကိုယ့်အသိတရားမဲ့မှုကို လူသိရှင်ကြားဖြစ်အောင် လုပ်မိခြင်းထက် ပိုဆိုးသည့်အရာ အနည်းငယ်မျှသာ ကျန်ရှိမည်ဟု ထင်ပါသည်။ နောင်တရစရာစကားတစ်ခွန်းကို မပြောမီ ဆင်ခြင်လိုက်ခြင်းဖြင့် ငယ်သည့်အမှုမကြီးအောင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရပါမည်။

တစ်ဖက်မှ လူတစ်ယောက်အကြောင်း ပြောတော့မည်ဟုဆိုလျှင် တန်ဖိုးထားပိုင်းဖြတ်ပြီးမှ ပြောဆိုရန်သင့်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် ကိုယ့်ကိုလည်း တန်ဖိုးထားပိုင်းဖြတ်၍ ဆက်ဆံသည်ကို ပြန်လည်အကျိုးခံစားရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် ခေတ်စားနေသော လွတ်လပ်စွာ ပြောဆိုခွင့်ကို အသုံးပြုတော့မည်ဟု ရည်ရွယ်လိုက်ချိန်တွင် ကမ္ဘာ့သမိုင်း၌ ဩဇာတိက္ကမကြီးမားသော ခေါင်းဆောင်ကြီးများသည် မိမိဂုဏ်သိက္ခာကို စောင့်ထိန်းရန် နှုတ်စောင့်စည်းခဲ့ကြသည်ဆိုသည်ကို သတိချပ်လိုက်စေချင်ပါသည်။

ကမ္ဘာကျော် စာရေးဆရာကြီး ဂျီ၊ ကေ၊ ချက်စတာတန်ထံမှ နာယူ

mgyoe.com

mgyoe.com


စရာသဘောတရားကောင်းတစ်ခုရှိပါသည်။ ဆရာကြီး ချက်စတာတန်ကို တိုင်းမ်မဂ္ဂဇင်းကြီးက 'ကမ္ဘာကြီးမှာ ဘာမှားနေသလဲ' ဆိုသည့် ခေါင်းစဉ်ဖြင့် အက်ဆေးတစ်ပုဒ် အပ်ပါသည်။ ဆရာကြီးက 'ကျွန်တော်ပါပဲ' ဟူသည့် စာတစ်ကြောင်းသာရေး၍ တိုင်းမ်၏ အယ်ဒီတာမင်းများထံသို့ ပြန်ပို့လိုက်ပါသည်။

ယနေ့ခေတ် ကမ္ဘာကြီးတွင် မိတ်ဆွေကောင်းများ ရရှိအောင်၊ တစ်ဖက်လူအပေါ် ဩဇာလွှမ်းမိုးမှုရှိအောင် နှုတ်ရေး စွမ်းရည်ကြွယ်ဝမှုကို များများစားစား မလိုအပ်လှပါ။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး ပြောဆိုဆက်ဆံတတ်သည့် စွမ်းရည်နှင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်တတ်ဖို့တော့ လိုပါသည်။ ဆရာကြီး ချက်စတာတန်၏ နည်းကိုယူရလျှင် ကျွန်တော်သည် ကမ္ဘာကြီးအတွက် ပြဿနာကောင်ဖြစ်ပြီး စာဖတ်သူလည်း အတူတူပင် ဖြစ်ပါလိမ့်မည်။ သို့ဆိုလျှင် ဘယ်သူမှန်သလဲဆိုပြီး စိုးရိမ်ကြောင့်ကြစရာ မရှိတော့ပါ။ ထိုအတွေးများကို ရပ်လိုက်ပြီး ကျွန်တော်တို့ ကမ္ဘာကြီးအတွက် ပိုမိုကောင်းမွန်သော အလုပ်များကိုသာ ဆက်လုပ်ဖို့ ရှိပါတော့သည်။ ကိုယ့်လက်ထဲက ဘူမာရန်းကို လွှတ်ချလိုက်ပါ။ ကိုယ့်ရှုးကိုယ်မပတ်ကြပါစေနဲ့။

❒

mgyoe.com

mgyoe.com

# အခန်း (၂)

# ကောင်းကွက်ကိုရှာပါ

အကယ်ဒမီဆု ချီးမြှင့်ခံခဲ့ရသော The King's Speech ဆိုသည့် ဇာတ်ကားသည် သာမန်လူတစ်ယောက်က သာမန်မဟုတ်သော ကိုင်တွယ်ဖြေရှင်းသည့်နည်းလမ်းဖြင့် ထုံထိုင်းထိုင်း မင်းသားတစ်ပါးကို ဘုရင်ဖြစ်အောင် လုပ်ပေးလိုက်သည့်အကြောင်း ရိုက်ကူးထားခြင်းဖြစ်သည်။

ယောက်မြို့စား မင်းသား အဲလဘတ်သည် စကားထစ်ခြင်းကြောင့် ဘဝတစ်လျှောက်လုံး အခက်တွေ့နေရသူဖြစ်သည်။ သားသမီးများကို ပုံပြင်တစ်ပုဒ်ဆုံးအောင် မပြောဖူးသလို ပရိသတ်အလယ်တွင် မိန့်ခွန်းပြောကြားနိုင်ခြင်းလည်း မရှိပေ။ ထိုခေတ်က နောက်ဆုံးပေါ် နည်းပညာဖြစ်သည့် ရေဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောခြင်းကိုပင် မလုပ်နိုင်သူဖြစ်သည်။ သူ၏ရောဂါကိုကုသရန် သြစတြေးလျှဖွား စကားပြောဆေးဆရာ လိုင်ယွန်နယ်လော့ဂ်နှင့် တွေ့ဆုံခဲ့ရသည်။ လော့ဂ်၏ ကုထုံးများသည် ထုံးတမ်းစဉ်လာအတိုင်း မဟုတ်ပေ။ စကားထစ်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်၍ စိတ်ကုထုံးဖြင့် ကုသရမည်ဟု သူက ယူဆသည်။

ရုပ်ရှင်ထဲတွင် မင်းသားက လော့ဂ်၏ အသနားခံမှုကို ငြင်းပယ်ပုံ၊ မင်းသားက ခြောက်ဆက်မြောက် ဂျော့ဘုရင်ကို ဆက်ခံရတော့မည့်အချိန်

mgyoe.com

mgyoe.com


တွင် သူတို့နှစ်ဦးအကြား ဆက်ဆံရေးတင်းမာလာပုံတို့ကို ရိုက်ပြထား သည်။ နောက်ဆုံးတွင် မင်းသားသည် ထီးနန်းဆက်ခံရတော့မည်။ ထစ် ထစ်ငေါ့ငေါ့ဖြစ်နေလျှင် တိုင်းပြည်အုပ်ချုပ်ခွင့် ဆုံးရှုံးရမည်ဖြစ်သလို သမိုင်းတွင် ရယ်စရာဖြစ်တော့မည်။ ဤတွင် လော့ဂ်က 'ဘာတီ၊ အရှင့် သားဟာ ကျွန်ုပ်တွေ့ဖူးသမျှထဲမှာ အရဲရင့်ဆုံး ပုဂ္ဂိုလ်ပါပဲ' ဟု လျှောက် လိုက်သည်။ ဘာတီဆိုသည်မှာ မင်းသား၏ အိမ်နာမည်ဖြစ်သည်။

မင်းသားသည် တစ်ချက်ရပ်လိုက်ပြီး ထိုစကားတို့၏ အတိမ်အနက် ကို ဆင်ခြင်လိုက်သည်။ ထိုစကားတို့သည် ဘဝတစ်ခုကို ပြောင်းလဲစေမည့် နိမိတ်လက္ခဏာဖြစ်လာခဲ့သည်။ လှုပ်ရှားလုပ်ဆောင်မှုတိုင်းကို အတွေးက ဦးဆောင်သည်ဟူသော နာမပုဗ္ဗင်္ဂမံ သဘောတရားအရ လော့ဂ်၏ဆောင် ရွက်ချက်သည် ထူးခြားပြောင်မြောက်လှသော ညဗာလွှမ်းမိုးမှုဆိုင်ရာ မဟာ ဗျူဟာ တစ်ရပ်ပင်ဖြစ်သည်။ မင်းသားအနေဖြင့် အရင်က မတွေးဖူးသည့် အတွေးတစ်ခုကို စတင်တွေးမိခဲ့သည်။ စကားထစ်သော မင်းသားသည် အားနည်းပျော့ညံ့သူမဟုတ်ပါ။ အရှုံးသမားတစ်ယောက် မဟုတ်သလို ရယ် စရာသတ္တဝါတစ်ကောင် မဟုတ်ပါ။ ဘဝတစ်လျှောက် ကံကြမ္မာ၏ကျီစား မှုကို ခံခဲ့ရသည်။ ယခု သူ့ကိုယ်သူ ပြန်ကြည့်ရာတွင် မြင်လာရသည်မှာ သူသည် ပုံပြင်တစ်ပုဒ်ကို ဆုံးအောင်မပြောနိုင်သူတစ်ဦးသက်သက် မဟုတ် ကြောင်းတွေ့လာရသည်။ သူ့ထံတွင် ပိုကောင်းသော အရည်အချင်းများ ရှိသည်။ ကြီးကျယ်ခမ်းနားသော အရည်အသွေးများပင် ဖြစ်နိုင်သည်။ ထိုသို့ ဆင်ခြင်မှုကပင် မင်းသား၏ဘဝကို ပြောင်းလဲသွားစေခဲ့သည်။

ဂျူးရှေးဟောင်း ပုံပြင်တစ်ပုဒ်ရှိသည်။ သိုးကျောင်းသားတစ်ယောက် အကြောင်း ဖြစ်သည်။ သိုးကျောင်းသားသည် နေ့စဉ် သိုးအကောင် ၁၀၀ ကို ကျောင်းလေ့ရှိသည်။ တစ်ညနေ အိမ်ပြန်ရမည့်အချိန်တွင် သိုးတစ် ကောင်လျော့နေကြောင်း သူသိလိုက်သည်။ တစ်ကောင်တည်းသာဖြစ် သည်။ ကျန်သော ၉၉ ကောင်မှာ ဘေးကင်းရန်ကွာ အေးချမ်းစွာရှိသည်။ ပျောက်သွားသော သိုးအတွက် သိုးကျောင်းသား ဘာလုပ်မယ်ထင်ပါသ လဲ။ ဝံပုလွေစာ မမိခင် ရှေ့မှာ ဘွားခနဲ ပြန်ပေါ်လာပါဟု ဝတ်ပြုဆုတောင်း ရမည်လား။ မဟုတ်ပါ။ ကျန်သော ၉၉ ကောင်ကို ဘေးကင်းအောင် ဆက်

mgyoe.com

mgyoe.com


လုပ်ထားပြီး ပျောက်သောသိုးကို ရှာဖွေခဲ့ပါသည်။ သူသည် သူ၏သိုးကို တစ်ကောင်တည်း ချန်မထားနိုင်ခဲ့ပါ။

ယင်းသို့ ချန်မထားနိုင်သော သဘောထားကို ပျောက်သွားသော သိုးလေးတစ်ကောင်တည်းက ခံစားလိုက်ရသည်မဟုတ်ပါ။ ကျန်သော ၉၉ ကောင်သည်လည်း ခံစားလိုက်ရပါသည်။ သူတို့သည်လည်း သိုးကျောင်းသားကို မှီခိုကိုးလွယ်ရာ အမှီကောင်းအဖြစ် သတ်မှတ်လိုက်ကြသည်။ ထို့ကြောင့် ဩဇာလွှမ်းမိုးဖို့ဆိုလျှင် ယင်းသို့သော သဘောထားများကို ဩဇာလွှမ်းမိုးလိုသူများထံ ရောက်အောင်ပို့ပေးရပါမည်။ သူတို့ကိုယ်သူတို့ ဘယ်လောက် တန်ဖိုးရှိသလဲဆိုသည်ကို သိပါစေ။ သူတို့ကို ကိုယ်က ဘယ်လောက်တန်ဖိုးထားသလဲဆိုသည်ကို သိပါစေ။ ဤမျှ ရိုးရှင်းသော သဘောတရားလေးသည်ပင်လျှင် ကြီးမားသော ဩဇာလွှမ်းမိုးမှုကို ဖြစ်စေနိုင်ပါသည်။ ပုံမှန်ပြုကျင့်ရန်သာ ရှိပါသည်။

လူတိုင်းတွင် မွေးရာပါအရည်အသွေးတစ်ခု ရှိပြီးသားဖြစ်သည်။ လူတိုင်းကိုယ်စီ တန်ဖိုးရှိကြသည်ကို သိရပါမည်။ ကိုယ့်ကိုယ်ကိုယ်သိအောင် လုပ်ရပါမည်။ ထိုအချက်ကို တစ်ယောက်နှင့်တစ်ယောက်အကြား အသိအမှတ်ပြုဖို့ဆိုသည်မှာ ယနေ့ခေတ်တွင် ရင်ဆိုင်နေရသော အပြင်းထန်ဆုံး စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။

ကျွန်တော်တို့ ဘဝကို ဘယ်လောက် ပေါ့ပျက်ပျက်နိုင်ပြီး ဘယ်လောက်တန်ဖိုးမရှိသော အစွဲအလမ်းများက ဖြည့်စွက်ထားပါသနည်း။ ကျွန်တော်တို့၏ နေ့ရက်များသည် နာမည်ကျော် အနုပညာရှင်တစ်ယောက်၏ နောက်ဆုံးပေါ်ဖက်ရှင်စတိုင်၊ နာမည်ကြီး အားကစားသမားတစ်ယောက်၏နောက်ဆုံးလုပ်ခဲ့သည့် ရုက်ဖွယ်မကောင်းမှု စသည်တို့ဖြင့် ပြည့်နေသည် မဟုတ်ပါလား။ အွန်လိုင်းပေါ်တက်လျှင်လည်း စာသားပေးပို့မှု တစ်ပုံတစ်ပင်၊ အီးမေးလ်ထဲတွင်လည်း အပြည့်၊ လူမှုကွန်ရက်များပေါ်တွင် မိတ်ဖွဲ့မှုများစွာ၊ ကြာလာတော့ အားလုံး စိတ်မသက်သာစရာတွေချည်းသာ ဖြစ်လာလျက်ရှိသည်။ အပြင်ဘဝတွင်လည်း သားသမီးများ၊ တူတူမများ၊ အဘိုးအဘွားများ၊ အိမ်နီးချင်းမိတ်ဆွေများ စသူတို့အတွက် လူမှုရေးဇာတ်ရများက များပြားလှသည်။ မိတ်ဆွေတစ်ယောက်အတွက် ကောင်းကွက်ရှာ

mgyoe.com

mgyoe.com


စကားပြောရန် အချိန်မရှိသလောက်ပင်။

တကယ်တော့ ကောင်းကွက်ရှာ စကားပြောခြင်းသည် မပင်မပန်း အလွယ်တကူ လုပ်ပို့ရသည့် ကိစ္စဖြစ်သည်။ သို့သော် ပြဿနာမှာ လွယ်ကူခြင်းနှင့် အဓိပ္ပာယ်မဲ့ မထူးခြားသောစကားတို့အကြား ရောထွေးနေတတ်ခြင်းဖြစ်သည်၊ ထိုသို့ ရောထွေးမှုသည်ပင်လျှင် ယနေ့ခေတ်တွင် ဩဇာလွှမ်းမိုးဖို့ လိုအပ်သည့် စည်းမျဉ်းတစ်ခု ဖြစ်လာခဲ့သည်။ ကောင်းကွက်ရှာပြောဆိုခြင်းနှင့် မြှောက်ပင့်ပြောဆိုခြင်းတို့သည် တူသလိုနှင့်ဆန့်ကျင်ဘက်အကျိုးသက်ရောက်စေနိုင်သည့် အရာများဖြစ်သည်။

ဘယ်လိုကွဲပြားသလဲဟု မေးလျှင် ဖြေစရာတစ်ခုသာ ရှိပါသည်။ ရိုးသားမှုပင်ဖြစ်သည်။

ကောလိပ်ကျောင်းသားတစ်ယောက်က မိုဟာမက်အလီကို မေးခွန်းတစ်ခုထုတ်ဖူးသည်။ သူ့ဘဝတွင် ပညာရေးဘက်ကို ဆက်လိုက်ရမလား၊ စီးပွားရှာရမလား ဒွိဟဖြစ်နေသည့်အတွက် မှန်ကန်သည့်လမ်းကို ရွေးချယ်ပေးရန်ဖြစ်သည်။ မေးမြန်းသည့်ပုံအရ အလီပြောသည့်အတိုင်း တစ်သဝေမတိမ်း လုပ်မည့်ပုံစံမျိုးဖြစ်သည်။ အလီက 'ကောလိပ်ဆက်တက်၊ ပညာရေးပဲဆက်လုပ်၊ သူတို့က မှိုတက်နေတဲ့ ပေါင်မုန့်ကနေတောင် ပင်နယ်စလင်ရအောင် ရှာထုတ်နိုင်သေးရင် မင်းဆီကလည်းတစ်ခုခု ထုတ်ပေးနိုင်မှာပဲ'ဟု ဖြေလိုက်သည်။

အလီက လက်ရှိအခြေအနေမှန်ကို မြင်တွေ့အောင် မီးထွန်းပေးလိုက်ခြင်းဖြစ်သည်။ သူ့စကားထဲတွင် လက်မလျှော့နှင့်၊ ကိုယ့်လမ်းကြောင်းပေါ် ကိုယ်ဆက်လျှောက်နေ၊ ဘယ်လိုပဲ အပြောခံရခံရ ဘာတွေပဲဖြစ်ဖြစ် နောက်ဆုံးမှာ ကြီးမားတဲ့ အောင်မြင်မှုတစ်ခုရမှာပဲ ဆိုသော အဓိပ္ပာယ်များ ပါဝင်နေသည်။

ကောင်းကွက်ရှာခြင်းသည် မြှောက်ပင့်ပြောဆိုသည်နှင့်မတူ။ ကိုယ်ပြောလိုက်သည့်စကားကို တစ်ဖက်က သူ့ရဲ့ကောင်းကွက်ကို ရွေးချယ်ပြောဆိုသည်ဟု ခံစားသိ သိသွားရန်လိုအပ်သည်။ တစ်ဖက်လူက ကိုယ်ပြောလိုက်သည့်စကားသည် အမှန်ဖြစ်ပြီး သတိပြုရမည့်အချက်ဟု လက်ခံသွားရန် လိုအပ်သည်။ မြှောက်ပင့်ပြောဆိုခြင်းသည် ခံစားချက်မပါပေ။

mgyoe.com

mgyoe.com


ယုံကြည်မှုကို အလွဲသုံးခြင်း သက်သက်သာ ဖြစ်သည်။

ကျွန်တော်တို့ ပြောသမျှ စကားအားလုံးကို စဉ်းစားပြီးမှ ပြောသည်ဟု ထင်တတ်ကြသည်။ တကယ်တော့ မစဉ်းစားဘဲနှင့် ပြောသည်က များပါသည်။ နည်းနည်းလေး ဂရုစိုက်လိုက်လျှင်ပင် များစွာပိုမိုထူးခြားသွားနိုင်သည့် စကားတို့ကို နေ့စဉ်ဘဝတွင် အလိုလျောက်ပြောဆိုခြင်းဖြင့် အခွင့်အရေးကောင်းများ ဆုံးရှုံးနေသည်။ နာမည်ကြီး စာရေးဆရာတစ်ဦးဖြစ်သည့် ရစ်ဝါရင်က ဤသို့ ရေးပြသွားသည်။

တံခါးဖွင့်ပြီး အပြင်ထွက်လိုက်တာနဲ့ ကျွန်တော်တို့ဟာ 'ဟေ့ နေကောင်းလား၊ တွေ့ရတာဝမ်းသာပါတယ်' ဆိုတဲ့ စကားကို ပြောလိုက်ကြပါတယ်။ ဒါပေမဲ့ တစ်ဖက်လူရဲ့ မျက်လုံးကိုတောင် မကြည့်မိပါဘူး။ ကျွန်တော်တို့ သူတို့ကို အမှန်တကယ် စကားပြောတာမဟုတ်ပါဘူး။ အဲဒီလို လုပ်လိုက်တာနဲ့ တစ်ဖက်သားအပေါ်မှာ ကိုယ်ရဲ့လွှမ်းမိုးနိုင်စွမ်းကို ဆုံးရှုံးသွားပါပြီ။ လူတွေက နွဲ့တွေလို ပုံသွင်းလို့ ရတာမျိုးမဟုတ်ပါဘူး။ ပုံသွင်းတာဟာ ကြိုးကိုင်ခြယ်လှယ်တာပါ။ မှန်ကန်တဲ့ခေါင်းဆောင်မှု မဟုတ်ပါဘူး။ လူဆိုတာ ကြိုးကိုင်စရာမဟုတ်ဘဲ လွတ်လွတ်လပ်လပ် ရှိရမှာပါ။ ဒါဟာ ခေါင်းဆောင်ကောင်းတွေ သုံးတဲ့နည်းလမ်းပါပဲ။ ခေါင်းဆောင်ကောင်းတွေက တခြားလူတွေရဲ့ဘဝကို လွတ်လပ်စေပြီး ဘုရားသခင်ပေးထားတဲ့ စွမ်းအားတွေ ရရှိအောင် ကူညီပေးပါတယ်။

အချိန်တိုင်းတွင် အကောင်းဆုံးလုပ်နိုင်ရမည်ဟု မျှော်လင့်ဖို့ကတော့ သိပ်အဓိပ္ပာယ်မရှိပါ။ ကျွန်တော်တို့ အနေနှင့် ရသင့်သည့် အခွင့်အရေးများ ဆုံးရှုံးခဲ့သည်မှာ အသေအချာပင်ဖြစ်သည်။ သို့သော် အချိန်နှင့်အမျှ ကိုယ်ဘယ်လောက် တိုးတက်လာသလဲဆိုသည်နှင့် တိုင်းတာကြည့်နိုင်ပါသည်။ ရေးခဲ့သမျှစာလုံး၊ ပြောခဲ့သမျှ စကားတို့တွင် ကိုယ်ပြောချင်သည့် အရာက ကောင်းကွက်ကို ရှာပြောခြင်းလား၊ တစ်ကိုယ်ကောင်းဆန် ပြောခြင်းလား ဆိုသည်ကို ပြန်လည်မေးခွန်းထုတ်ရပါမည်။ ကောင်းကွက်ကို ရှာသည့်ဘက်သို့ယိမ်းလေလေ တစ်ဖက်လူ၏ လေးစားမှုကို ရလေလေ ဖြစ်ပါလိမ့်မည်။

လူတစ်ယောက်ကို အကဲခတ်ပြီး သူ့ရဲ့ကောင်းကွက်ကို ရှာတော့မည်ဆိုပါစို့။ ကောင်းကွက်ရှာခြင်းသည် လူတစ်ယောက်ကို အမှားမရှိဟု

mgyoe.com

mgyoe.com

ဆိုလိုခြင်းမဟုတ်ပါ။ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်နေသူဖြစ်ပြီး အမှားနည်းသူဟုလည်း မဆိုလိုပါ။ ထိုသူသည် အမှားသံသရာထဲတွင် လည်နေပြီး အပြစ်များကိုသာ လုပ်နေသူလည်း ဖြစ်နိုင်ပါသည်။ ထိုသူများ ထဲတွင်လည်း ကောင်းသည့်အချက်ရှိနိုင်ပါသည်။ ထိုသူတို့ကို သူတို့၏ ဘဝနေထိုင်မှုပုံစံကို ပြောင်းလဲပေးရန် ဆန္ဒရှိလျှင် သူတို့၏ ကောင်းသည့် အချက်ကလေးများကို ထပ်ကာထပ်ကာ ပြောပေးခြင်းဖြင့် ဩဇာလွှမ်းမိုးမှု ကို ရယူနိုင်ပါသည်။ တစ်ဖက်လူ စွမ်းဆောင်နိုင်သည်များကို သဘော တရားပုံစံမျိုးနှင့် မဟုတ်ဘဲ သူ့ဘဝတွင် တကယ်လုပ်ခဲ့သော ကောင်းကွက် များ၊ အောင်မြင်မှုများကို ပြန်လည် နှိုးဆွပေးခြင်းမျိုးဖြစ်သည်။ စိတ်ထဲတွင် ပုန်းကွယ်နေသည်များကို ပြန်လည်ပေါ်ထွက်လာအောင် လုပ်ပေးရမည် ဖြစ်သည်။

လက်ရှိတွင် အားနည်းနေသူတစ်ယောက်ကို လက်ရှိအနေအထား အတိုင်း ဆက်ဆံခြင်းသည် ပိုဆိုးအောင်လုပ်ရာကျပြီး သူ၏ တစ်ချိန်က ကောင်းသောလုပ်ဆောင်ချက်များကို ဖော်ထုတ်ပေးခြင်းသည် သူ့ကိုယ်ပိုင် စွမ်းရည်များကို ပြန်မြင်လာနိုင်စေသည်။ လုပ်သင့်သည်ကို လုပ်အောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်။ လက်ရှိတွင် သူဘာပဲဖြစ်နေပါစေ သူလုပ်နိုင် သည်များကို စတင်၍ ပြန်လည်မြင်ယောင်လာနိုင်စေမည်ဖြစ်သည်။

ဤနေရာတွင် အမေရိကန်သမ္မတကြီး အေဘရာဟမ်လင်ကွန်းကိုပင် ထပ်မံ ပုံဆောင်ရပါဦးမည်။ ၁၈၆၁ ခုနှစ် မတ်လတွင် သမ္မတလင်ကွန်း ကျမ်းသစ္စာကျိန်ဆိုပြီးနောက် တစ်ခုတည်းသော သူ၏စိတ်ကူးမှာ ပြည် ထောင်စုနိုင်ငံ ထူထောင်နိုင်ရန်ဖြစ်သည်။ သူ ရွေးချယ်တင်မြှောက်ခံရသည့် လမှာပင် ပြည်ထောင်စုထဲမှ ပြည်နယ် ခုနစ်ခု ခွဲထွက်သွားပြီလည်း ဖြစ် သည်။ သူ၏သမိုင်းဝင် မိန့်ခွန်းတစ်ခုတွင် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ဦးတည်သည့် စိတ်ဓာတ်ကို မြင်တွေ့ရမည်ဖြစ်သည်။ ပြည် ထောင်စုကို တိုက်ခိုက်ခြင်းဖြင့် နောက်ဆက်တွဲ အကျိုးဆက်များကို သ သတိပေးခဲ့သည်။ သို့သော် သူ၏မိန့်ခွန်းထဲတွင် 'ကျုပ်တို့ဟာ ရန်သူ တွေမဟုတ်ပါဘူး။ မိတ်ဆွေတွေပါ။ ရန်သူတွေဖြစ်လို့ မရပါဘူး' ဟု ဆိုခဲ့ သည်။

mgyoe.com

mgyoe.com


ပြည်နယ်ခုနစ်ခုက ခွဲထွက်ပြီး လွတ်လပ်ရေး ကြေညာ၊ စစ်ပွဲများ ဖြစ်ပွားနေချိန်တွင် မိတ်ဆွေတွေပါဟု မည်သို့ဆိုနိုင်ပါသနည်း။

ကိုယ်နှင့် အလုပ်အတူတူလုပ်သူတစ်ဦးက ကိုယ့်ကို သစ္စာဖောက်သွားသည့် နောက်ဆုံးဖြစ်ရပ်တစ်ခုကို စဉ်းစားကြည့်ပါ။ သို့တည်းမဟုတ် ကိုယ့်ဖောက်သည်တစ်ယောက်က လိမ်ညာသွားခြင်း၊ ကိုယ်ပစ္စည်း မှာထားသူများဘက်မှ ကတိပျက်ခြင်းမျိုးကို စဉ်းစားကြည့်ပါ။ ကိုယ့်မှတ်ဉာဏ်ထဲတွင် အရင်ဆုံးပေါ်လာသည်မှာ ထိုသူတို့ အရင်ကကောင်းခဲ့သဖြင့် လက်ရှိအချိန်အထိ အကျိုးအမြတ်ခံစားနေရသော ကိစ္စရပ်များဖြစ်ပါသလား။

စိတ်ပျက်စရာခံစားလိုက်ရသည့်အချိန်၊ အလိမ်ခံလိုက်ရသည်ဟု ခံစားလိုက်ရသည့်အချိန်သည် ဒေါသအထွက်ဆုံးအချိန်၊ အပြင်းထန်ဆုံးစိတ်လှုပ်ရှားရသည့်အချိန်ဖြစ်ပါသည်။ ထိုအချိန်မျိုးတွင် ထိုသူတို့၏ ကောင်းကွက်များကို မြင်ဖို့ဆိုသည်မှာ ရှားရှားပါးပါး ကိစ္စသာဖြစ်သည်။တစ်စုံတစ်ယောက်က ကိုယ့်ကို အံ့အားသင့်လောက်အောင် ဂုဏ်ပြုလိုက်သည့် အချိန်မျိုး၊ ဘာမှခြွင်းချက်မရှိ ခွင့်လွှတ်ပေးလိုက်သည်ကို အံ့အားသင့်စရာ ကြုံတွေ့လိုက်သည့် အချိန်မျိုးကို ပြန်မှတ်မိပါသလား။ ထိုသို့သော အခိုက်အတန့်သည် ကလေးဘဝက ကြုံတွေ့ခဲ့ရသည်ဖြစ်ပါစေ မှတ်ဉာဏ်တွင် စွဲထင်ကျန်နေတတ်သည်။ ပြန်လည်အမှတ်ရမိချိန်တွင်လည်း လောလောလတ်လတ် ဖြစ်ထားသလို လတ်ဆတ်သည့်ခံစားချက်မျိုး ခံစားရစေနိုင်သည်။

ဩဇာလွှမ်းမိုးမှုရှိခြင်းဆိုသည်မှာ တစ်စုံတစ်ယောက်၏ စိတ်နှလုံးထဲဝယ် မိမိ၏ပုံရိပ်တစ်ခု စွဲထင်ကျန်ရစ်အောင်၊ မြင့်မြင့်မားမား နေရာတစ်နေရာတွင်ရှိနေအောင် လုပ်ဆောင်ခြင်းသာ ဖြစ်သည်။ တခြားလူများ လုပ်သလိုသာ လိုက်လုပ်နေမည်ဆိုလျှင် ကိုယ့်ပုံရိပ်ကို စွဲထင်ကျန်နေအောင် လုပ်နိုင်မည်မဟုတ်ပါ။ ယင်းမှာ ရိုးရှင်းသည့်ကိစ္စသာ ဖြစ်သည်။

ကိုယ့်ကို ဂရုစိုက်လာအောင် ပြိုင်ဆိုင်ခြင်းသည် ပုံသေကားကျပ်ကိစ္စတစ်ခုဖြစ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်သည် များသောအားဖြင့် ဝါးတားတား ဖြစ်နေတတ်သည်။ ယနေ့ခေတ်တွင် ဩဇာလွှမ်းမိုးမှုရရှိဖို့

mgyoe.com

ဆိုသည်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ မိမိသည် တစ်ကိုယ်ကောင်းမဆန်သူဖြစ်ကြောင်း၊ ယုံကြည်စိတ်ချရသူဖြစ်ကြောင်း အမြဲမပြတ် လုပ်ပြနေနိုင်ဖို့ လိုအပ်သည်။ ဘဝတွင် ချို့ယွင်းချက်မရှိဘဲ တစ်ဦး တစ်ယောက်ချင်းအားဖြင့် ပြီးပြည့်စုံသောသူများသည် မိမိအပေါ် ယုံကြည်စိတ်ချနိုင်မှုကို အကြောင်းပြုပြီး ကိုယ်ပိုင်အရည်အချင်းဖြင့် တစ်ဦးအပေါ်တစ်ဦး လွှမ်းမိုးမှု ရနိုင်ရန် ပြိုင်ဆိုင်ကြသည်ဆိုသည့် အနေအထားတွင် သြဇာလွှမ်းမိုးမှု အတွက် ပြိုင်ဆိုင်ခြင်းသည် ခမ်းနားကြီးကျယ်သော အလှတရားတစ်ခု ဖြစ်သည်။

သို့သော် လက်တွေ့မှာ ဤသို့မဟုတ်ပါ။ ကျွန်တော်တို့သည် ချို့ယွင်းချက်အပြည့်ရှိသည့် လူသားများဖြစ်သည်။ တစ်ဖက်သားကို ကောင်းကွက်ရှာ အတည်ပြုပေးဖို့ကိစ္စသည် သဘောထားမတိုက်ဆိုင်မှုများ၊ စိတ်ပျက်စရာကိစ္စများ ပေါ်လာပြီးနောက် လမ်းတစ်ဝက်မှာပင် ပျောက်ပျက်သွားတတ်သည်။ ထိုသို့ မဖြစ်ရန် အဓိကသော့ချက်မှာ လက်ရှိဖြစ်နေသော အခြေအနေများအပေါ်တွင် ဝင်ပြီး ဇောဒကမတက်ရန် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။ ကောင်းကွက်ရှာ ပြောဆိုသည့် စိတ်ဓာတ်ကို လက်ကိုင်ထားပြီး သူတစ်ပါးအပေါ် ထားရှိသည့် ကိုယ့်သဘောထားကို တတ်နိုင်သရွေ့ အသိပေးရမည်ဖြစ်သည်။ ထိုသို့ ဆိုခြင်းကြောင့် အမှန်တရား သို့မဟုတ် တရားမျှတမှုကို မျက်ကွယ်ပြုရမည်ဟု ဆိုလိုသည် မဟုတ်ပါ။ တရားသဖြင့် ဆုံးဖြတ်မှုမပါဝင်သော ကရုဏာထားမှုသည် အဓိပ္ပာယ်မဲ့သော လုပ်ဆောင်ချက်သက်သက်သာ ဖြစ်သည်။ သမ္မတ လင်ကွန်းသည် နောက်ကွယ်မှ ဖြစ်ရပ်များကို မြင်နိုင်သူဖြစ်သည်။ ဖြစ်လာနိုင်သည်တို့ကိုလည်း ကြိုတွေးနိုင်သူဖြစ်သည်။ သူက အခုလို ပြောခဲ့သည်။

စိတ်ဆန္ဒပြင်းထန်မှုတွေကြောင့် တင်းမာနေပေမယ့်လည်း ဒါဟာ ကျုပ်တို့ရဲ့ မေတ္တာနှောင်ကြိုးကို မပြတ်တောက်စေနိုင်ပါဘူး။ တိုက်ပွဲတိုင်း တိုက်ပွဲတိုင်းနဲ့ မျိုးချစ်တွေရဲ့ ဂူသင်္ချိုင်းတွေကနေ ရှင်သန်နေတဲ့ နှလုံးသား တစ်ခုချင်းစီနဲ့ မိသားစုတစ်စုချင်းစီအထိ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖြန့်ကြက်ထားတဲ့ ထူးခြားနက်နဲတဲ့ အမှတ်ရစရာ သံယောဇဉ်ကြိုးတွေဟာ ပြည်ထောင်စုတေးသံကို သံပြိုင်သီကျူးပါလိမ့်မယ်။

mgyoe.com

mgyoe.com

တစ်ခါတစ်ရံတွင် ကောင်းကွက်ကိုရှာ၍ ပြောဆိုခြင်းဆိုသည်မှာ အခြားသူများတွင် တည်ရှိနေသော အလွန်ကောင်းသည့်အချက်များကို အမှတ်ရအောင် ကိုယ့်ကိုယ်ကိုယ် လုပ်ဆောင်ခြင်းဟုလည်း အဓိပ္ပာယ်ရစေနိုင်ပါသည်။ ဖြစ်ရပ်များတင်းမာနေသော်လည်း မေတ္တာတရားသည် ခိုင်မြဲနေဆဲဟု လင်ကွန်းကဆိုခဲ့သည်။ ယင်းမှာ အမေရိကန်ပြည်ထောင်စု၏ သမိုင်းကြောင်းဖြစ်သည်။ သဘောထားကွဲလွဲခြင်း၏ နောက်ကွယ်တွင် နက်ရှိုင်းသောနေရာတစ်နေရာ၌ ပိုမိုခိုင်မြဲသော အကြောင်းတရားတစ်ခု ရှိနေတတ်စမြဲဖြစ်သည်။

You Can't Lead with Your Feet on the Desk ဆိုသည့် စာအုပ်တွင် မာရီယော့ အင်တာနေရှင်နယ်ကုမ္ပဏီ၏ ဥက္ကဋ္ဌလည်းဖြစ် ဦးဆောင်ညွှန်ကြားရေးမှူးလည်းဖြစ်သူ အက်ဒ်ဖူလာက 'ကိုယ့်မှာ ကိုယ့်လူတွေ၊ ဖောက်သည်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေရှိနေသည့်တိုင် အပြန်အလှန်လေးစားမှုမရှိဘူးဆိုရင် တန်ဖိုးရှိတဲ့ စီးပွားရေးဆက်ဆံမှုမျိုးအဖြစ် ရေရှည်တည်တံ့မှာ မဟုတ်ပါဘူး'ဟု ရေးခဲ့သည်။

ဖူလာက မာရီယော့၏ ကိုယ်စားလှယ်တစ်ဦးနှင့် တောင်အမေရိကမှ ဟိုတယ်ပိုင်ရှင်တစ်ဦးတို့ ပြဿနာဖြစ်ခဲ့သည့်အဖြစ်ကို ရေးပြထားသည်။ ရှေ့နေနှင့် ဟိုတယ်ပိုင်ရှင်တို့သည် လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဆွေးနွေးကြရာမှ ဟိုတယ်အစည်းအဝေးခန်းမထဲမှာပင် နပန်းလုံးကြသည့်အဖြစ်သို့ ရောက်ရှိခဲ့သည်။ သဘောတူညီချက်လည်းမရခဲ့ပေ။ ဤသို့ဖြင့် တိုးတက်မှုမရှိဘဲ လအနည်းငယ်ကြာပြီးချိန်တွင် ကုမ္ပဏီရှေ့နေတစ်ဦးနှင့် အမှုဆောင်နှစ်ဦးတို့၏ တိုက်တွန်းချက်ဖြင့် ကုမ္ပဏီဥက္ကဋ္ဌသည် ဟိုတယ်ပိုင်ရှင်ထံ သွားရောက်လည်ပတ်ခဲ့သည်။ ထိုအကြောင်းကို ဖူလာက ဤသို့ ရေးပြခဲ့သည်။

ကျွန်တော်သူ့ရဲ့ ဇာတိမြို့ကို သွားပြီး သူနဲ့ နှစ်ရက် အချိန်ဖြုန်းလိုက်တယ်။ ခရီးတွေသွားတယ်၊ သူ့လုပ်ငန်းတွေကို သွားကြည့်တယ်၊ သူ့ကလပ်မှာ ညစာစားတယ်၊ သူ့သူငယ်ချင်းတွေနဲ့ စကားဝိုင်းဖွဲ့ခဲ့တယ်။ စီးပွားရေးနဲ့မဆိုင်ဘဲနဲ့ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိလာတယ်။ အပြန်အလှန်လေးစားမှု ရှိလာတယ်။ သူ့ကိုမြင်တဲ့ ပုံစံပြောင်းသွား

mgyoe.com

mgyode.com

တာနဲ့ သူ့ရဲ့ဝန်ထမ်းတွေ၊ မိသားစုနဲ့ သူ့ပတ်ဝန်းကျင်အပေါ်မှာ သူ့ရဲ့ သဘောထားတွေ ဘယ်လောက်ခိုင်မာမှု ရှိသလဲဆိုတာကို နားလည်လာခဲ့ တယ်။ ပြဿနာရဲ့ ဗဟိုချက်မှာရှိတဲ့ မတူကွဲပြားမှုတွေကတော့ ပြေလည် မသွားပါဘူး။ ဒါပေမဲ့ သူဘာလဲဆိုတာနဲ့ သူ့ရဲ့အောင်မြင်မှုတွေဟာ ကျွန် တော့်ရဲ့ လေးစားမှုနဲ့ထိုက်တန်ကြောင်း ကျွန်တော် သိလာရတယ်။ ကျွန် တော်ပြန်လာပြီး တစ်ပတ်လောက်အကြာမှာ သဘောတူညီချက်ရရှိခဲ့ပါ တယ်။

ကောင်းကွက်ရှာ အတည်ပြုပေးခြင်းသည် သမိုင်းတွင် ထင်ရှားခဲ့သော ပုဂ္ဂိုလ်တို့အတွက် သက်သက်မဟုတ်ပါ။ ယနေ့ခေတ် ယနေ့အခါနှင့်လည်း ကိုက်ညီပါသည်။ နိုင်ငံရေးစင်မြင့်ထက်မှသည် ဒီဂျစ်တယ်မီဒီယာများ အထိ၊ ဘုတ်အဖွဲ့ စားပွဲဝိုင်းများအထိ ရောက်ရှိပျံ့နှံ့လျက်ရှိပါသည်။ လေး လေးစားစား ဆက်ဆံသောစိတ်ဓာတ်၊ တစ်ကိုယ်ကောင်းမဆန်သော အတည်ပြုချက်များသည် နေရာတိုင်းတွင် မိတ်ဆွေများ ပေါများလာအောင်၊ ကိုယ့်ဩဇာလွှမ်းမိုးမှုတစ်ခုကို ထူထောင်နိုင်အောင် ကောင်းကျိုးပေးပါသည်။ အကျိုးသက်ရောက်မှုမှာ ဝေဖန်မှု၊ ပုတ်ခတ်မှု၊ စောဒကတက်မှုများနှင့် ဆန့် ကျင်ဘက်ဖြစ်သည်။

'မျက်နှာချင်းဆိုင်ပြောရဆိုရတာထက်ပိုပြီး အကျိုးသက်ရောက် မှုရှိတဲ့အရာမျိုး မရှိပါဘူး။ ဒီဂျစ်တယ်ကမ္ဘာဟာ ပေါင်းသင်းဆက်ဆံရေး တည်ဆောက်မှုကို ပိုမိုကောင်းမွန်လာစေတယ်ဆိုတာ မမေ့ဖို့အရေးကြီး ပါတယ်' ဟု TMOS ဖိနပ်လုပ်ငန်းကို တည်ထောင်သူ ဘလိတ်မိုင်ကော့ စကီးက တွေ့ဆုံးမေးမြန်းခန်းတစ်ခုတွင် ရှင်းပြခဲ့သည်။ ကျွန်တော်တို့သည် နေ့တိုင်း အချိန်တိုင်းတွင် အီးမေးလ်၊ တွစ်တာ၊ ဘလော့၊ စာသား ပေးပို့မှု စသည်တို့မှတစ်ဆင့် မိတ်ဆွေအပေါင်းအသင်းရောင်းရင်းများ အားလုံးကို အမှာစကား ပါးနိုင်လျက်ရှိသည်။ အမှာစကားတစ်ရပ်တွင် အလေးအပေါ့ ချိန်ညှိနိုင်သောစွမ်းရည်ရှိသည်။ ထို့အတူ တစ်သီးပုဂ္ဂလဆန်သော ထူးခြား ချက်ကိုဖော်ပြနိုင်သည့် စွမ်းရည်လည်းရှိသည်။ ယင်း နှစ်ချက်ကို ပိုင်းခြား ထားမိသည့် အမှားမျိုးမကျူးလွန်မိရန် လိုအပ်ပါသည်။ ယင်းအချက်နှစ် ချက်သည် ခွဲခြားမရနိုင်အောင် တစ်တွဲတည်း တည်ရှိပါသည်။ စီးပွားရေး

mgyode.com

mgyoe.com


လုပ်ငန်းကြီးထွားလာသည်နှင့်အမျှ တစ်သီးပုဂ္ဂလဆန်သော အမှာစကား တို့ကို ပို၍ လက်ခံရပါလိမ့်မည်။

အိမ်ရှေ့မင်းသားနှင့် ဆရာဝန်တို့အကြား လေးစားမှုတံတားတစ်စင်း ကို တည်ဆောက်နိုင်ခဲ့သည်မှာ ဤသဘောတရားပင် ဖြစ်သည်။ အလား တူ ကုမ္ပဏီတစ်ခုနှင့်စားသုံးသူတို့အကြား၊ အမှုဆောင်အရာရှိတစ်ယောက် နှင့် သူ၏အစီရင်ခံစာများအကြား၊ ဖခင်နှင့် သားသမီးအကြား ဆက်ဆံရေး တို့သည်လည်း ဤသဘောပင်ဖြစ်သည်။

ကျွန်တော်တို့ အားလုံးသည် တစ်ဖက်သားကို လေးစားဖို့ဆိုသည့် အချက်တစ်ချက်တည်းအပေါ်တွင် သဘောထားချင်း တိုက်ဆိုင်လျက်ရှိ သည်။ အမှာစကားသည် တစ်စုံတစ်ဦးကို ရည်ရွယ်သည်ဆိုပါလျှင် ထို ပုဂ္ဂိုလ်သည် စားပွဲတစ်ဖက်တွင် ထိုင်နေသူလား၊ လူ သုံးသောင်းလောက် အကြားတွင် ရှိနေသူလားဆိုသည်ကို စဉ်းစားရပါမည်။ သို့မှသာ နှစ်ယောက် ချင်း ပြောရမည့်စကား၊ အများရှေ့တွင် ပြောရမည့်စကား၊ အများကို ပြော ရမည့်စကားဟူ၍ ပိုင်းခြားနိုင်မည်ဖြစ်သည်။

ကောင်းကွက်ကိုရှာ၍ ချီးကျူးပြောဆိုသောစကားတို့သည် နှလုံး သားထဲမှ ဖြစ်တည်လာပြီး ပါးစပ်ဖျားမှ ရှင်းရှင်းလင်းလင်း ထွက်ပေါ်လာ ခြင်းသည် မည်မျှသေးငယ်သောကိစ္စဖြစ်ပါစေ သြဇာလွှမ်းမိုးမှုအတွက် ကြီး မားသော အားထုတ်မှုတစ်ရပ်ပင်ဖြစ်သည်။ ကြီးမားသော တိုးတက်မှုဖြစ် စဉ်များ၊ ပြဿနာဖြေရှင်းမှုများ အားလုံးသည် ပြဿနာဖြစ်နေသော နှစ် ဘက်အနက် တစ်ဘက်ဘက်က စတင်၍ ကောင်းပြီးသားကိစ္စရပ်များကို စားပွဲပေါ်တင်၍ စတင်ပြောဆိုလာခြင်းပင်ဖြစ်သည်။ ထိုသို့ စလိုက်ပြီဆို သည်နှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့်ကိစ္စရပ်များအတွက် ဘယ်လို စတင် လုပ်ဆောင်ရမည်၊ နှစ်ဖက် အပြန်အလှန် ဘယ်လိုဆက်ဆံရမည်ဆိုသည် ကို စတင်သိရှိနားလည်ဖို့ လွယ်ကူသွားပြီ ဖြစ်ပါတော့သည်။

❒

mgyoe.com

mgyoe.com

# အခန်း (၃)

## ရင်ထဲကဆန္ဒကို မြင်အောင်ကြည့်ပါ

စာအုပ်ထဲတွင် မျက်နှာဖုံးဆောင်းပါးအဖြစ် ထိုကွန်ပျူတာကို ထုတ်လုပ်သည့် အက်ပဲလ် ကွန်ပျူတာကုမ္ပဏီ၏ အမှုဆောင်ချုပ် စတိဗ်ဂျော့နှင့် တွေ့ဆုံမေးမြန်းခန်းပါဝင်သည်။ သူက အင်တာဗျူးတွင် အက်ပဲလ်၏ စားသုံးသူများအတွက် အမြင်သစ်တစ်ခုကို ချပြထားသည်။ ၂၀၀၂ခုနှစ် အစောပိုင်းတွင် Times မဂ္ဂဇင်းကြီးသည် ထူးဆန်းသော ပုံသဏ္ဌာန်ရှိသည့် ကွန်ပျူတာတစ်လုံးပုံကို မျက်နှာဖုံးတင်လာခဲ့သည်။ လိပ်ခုံးပုံ အောက်ခံပေါ်တွင် ပြားပြားပါးပါး မော်နီတာလေးကို စာကြည့်မီးအိမ်မှ လည်ပင်းလေးလို လည်ပင်းလေးနှင့်သာ ဆက်သွယ်ထားသည်။ ထိုမော်နီတာကို လက်ညှိုးလေးနှင့်ပင် တွန်းနိုင်ဆွဲနိုင်၊ နိမ့်နိုင်မြင့်နိုင်၊ လှည့်နိုင်သည်။ ယင်းမှာ အိုင်မက် (iMac) ကွန်ပျူတာဖြစ်သည်။

သူက ပီစီ ကွန်ပျူတာတို့၏ အနာဂတ်သည် ကင်မ်ကော်ဒါ၊ ဒီဂျစ်တယ်ကင်မရာ၊ MP3 စက်များ၊ PDA များ၊ ဆဲလ်ဖုန်းများ၊ ဒီဗွီဒီစက်များ အားလုံးစုပေါင်းရာ ဒီဂျစ်တယ်ကိရိယာအစုအဝေးတစ်ခုပုံစံဖြစ်လာမည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။ ထို့ကြောင့် iMac ထဲတွင် ယနေ့ ခေတ်စားနေသော iTunes, iPhone, iMovie စသည့် ဆော့ဖ်ဝဲများကို အခမဲ့

mgyoe.com

mgyoe.com

ထည့်သွင်းပေးထားသည်။ ဂျော့က သူ့ကုမ္ပဏီ၏ အနာဂတ်ကို ဘဝတစ်ခုလုံး ဒီဂျစ်တယ်ဆိုသည့် သဘောထားပေါ်တွင် ပုံအပ်ထားလိုက်သည်။ ဝေဖန်သူများနှင့် ပြိုင်ဘက်များကတော့ သူ၏ကွန်ပျူတာပုံစံအသစ်ကို မိုက်မဲသည့်ပုံစံဟူ၍လည်းကောင်း၊ သူ၏အမြင်ကို မြင့်လွန်းသည်ဟုလည်းကောင်း ဝေဖန်ခဲ့ကြသည်။

လူထုကရော ဘယ်လိုတုံ့ပြန်ပါသလဲ။ အက်ပဲလ်က တင်ပြခဲ့သည့် အမြင်နှင့် ဘဝနေထိုင်မှုပုံစံကို လူထုက လက်ခံခဲ့သည်။ အက်ပဲလ်ကွန်ပျူတာ (ယခု အက်ပဲလ်ဟုသာ ရိုးရိုးရှင်းရှင်း အမည်ပြောင်းထားသည်) ၏ ရှယ်ယာတန်ဖိုးများသည် ၄၈၅၆ ရာခိုင်နှုန်းသို့ တိုးတက်သွားခဲ့သည်။ ပြိုင်ဘက်များထဲမှ အများဆုံးတိုးတက်မှုမှာ ၁၄ ရာခိုင်နှုန်းသာ ရှိသည်။ ဘာကြောင့်ပါလဲ။

ကျန်ကုမ္ပဏီများက သူတို့၏ ထုတ်ကုန်များကို ဘယ်သူမှ မဝယ်စေချင်လို့ပါလား။ မဟုတ်နိုင်ပါ။ အားလုံးသည် အောင်မြင်လိုကြသည်။ လူကြိုက်ခံချင်ကြသည်သာ ဖြစ်သည်။ သူတို့ နောက်ကျကျန်ခဲ့သည်မှာ သူတို့၏ ကုန်ပစ္စည်းများကို လူထုပေါ်လွှမ်းမိုးမှု ပို၍ပို၍ ရှိလာအောင် လုပ်သည့်နေရာတွင်ဖြစ်သည်။ စတိဗ်ဂျော့၏ မတူကွဲပြားသည့် အားသာချက်မှာ ဒေးကာနက်ဂျီ ထပ်ပြန်တလဲလဲ ပြောလေ့ရှိသော တစ်ဖက်သားကို လွှမ်းမိုးလိုလျှင် သူတို့၏ ရင်ထဲက ဆန္ဒအမှန်ဆီကို ရောက်အောင်သွားပါ ဆိုသည့်အချက်ကို အလေးဂရုပြုခြင်းပင်ဖြစ်သည်။

ယင်းမှာ ကလေးများနှင့် ဆက်ဆံရာတွင်ဖြစ်စေ၊ ဖောက်သည်များနှင့် ဆက်ဆံရာတွင်ဖြစ်စေ၊ ယုတ်စွအဆုံး ကျွဲနွားများနှင့် ဆက်ဆံရာတွင် ဖြစ်စေ မှန်ကန်သည့်သဘောတရားဖြစ်သည်။ ရာ့ဖ်ဝဲလ်ဒို အီမာဆင်သည် နာမည်ကျော် တွေးခေါ်ပညာရှင်ကြီး တစ်ဦးဖြစ်သည်။ တစ်နေ့တွင် သူနှင့် သူ့သားတို့ နွားပေါက်လေးတစ်ကောင်ကို တင်းကုပ်ထဲဆွဲသွင်းရာတွင် နွားက မလိုက်ဘဲ ပေကပ်ကပ်လုပ်နေသည်။ သူတို့သားအဖက ဆွဲလျှင် နွားက ရုန်း၊ သူတို့က တွန်းလျှင် နွားက ဆွဲနှင့် အဆင်မပြေဖြစ်နေသည်ကို အိမ်ဖော်ကောင်မလေးက မြင်သွားသည်။ ကောင်မလေးက သူတို့နွားကို ရောက်လာပြီး နွားပါးစပ်ထဲကို သူ့လက်ချောင်းလေးတွေ ထည့်လိုက်သည်။ ထို့

mgyoe.com

mgyoe.com


နောက် နွားကို ဆွဲခေါ်သွားရာ အသာတကြည်လိုက်ပါသွားတော့သည်။ ကမ္ဘာကျော် တွေးခေါ်ပညာရှင်ကြီး မေ့လျော့နေသည့် ဘယ်အချက်ကို အိမ်ဖော်မလေးက သိမြင်သွားတာပါလဲ။ နွားကလေး၏ အဓိကဆန္ဒတစ်ခုမှာ အစားအစာဖြစ်သည်။ ယင်းကို အိမ်ဖော်မလေးက သိသည်။ ထို့ကြောင့် စားစရာကို သတိရစေပြီး စိတ်လိုလက်ရ ခေါ်သွားနိုင်ခြင်းဖြစ်သည်။

အီမာဆင်တို့ သားအဖက နွားကို တင်းကုပ်ထဲထည့်လိုက်လျှင် စားစရာအသင့်ရှိပြီးသားဟု သဘောထားကြသည်။ သို့သော် နွားကလေးက မြက်ခင်းစိမ်းစိမ်းနှင့် စားကျက်မြေတွင် ပျော်ပါးနေချင်သည်။ မှောင်လာသည်ကို ဂရုမထား။ ထို့ကြောင့် အိမ်ဖော်မလေးက လက်ချောင်းလေးတွေ ပါးစပ်ထဲထည့်ပေးပြီး နွေးထွေးသည့် နို့ကို သတိရစေလိုက်ခြင်းဖြစ်သည်။

ဤသာဓကသည် ကျွန်တော်တို့ကို ဩဇာလွှမ်းမိုးမှုနှင့် ပတ်သက်၍ ကျော်သွားလေ့ရှိသော အချက်နှစ်ချက်ကို သတိပြုမိစေသည်။

၁။ ဩဇာလွှမ်းမိုးမှုသည် ပညာတတ်မြောက်သည်ထက် ထိုးထွင်းသိမြင်မှုနှင့် ပိုဆိုင်သည်။ အီမာဆင်နှင့် သူ၏အိမ်ဖော်မိန်းကလေးတို့ကို ဉာဏ်ပညာစွမ်းအားချင်း နှိုင်းယှဉ်စရာအကြောင်းပင် မရှိပါ။ ပညာရည်အားဖြင့် အီမာဆင်သည် ပို၍ သင်ယူတတ်မြောက်ထားသူဖြစ်ပါသည်။ သူတို့နှစ်ဦးအကြား ကွာခြားသွားသည်မှာ ထိုးထွင်းသိမြင်မှု ဖြစ်သည်။ အိမ်ဖော်မိန်းကလေးတွင် အီမာဆင်၌မရှိသည့် အရာတစ်ခု ရှိနေခြင်းပင်။

ကမ္ဘာပေါ်တွင် ရာထူးကြီးကြီးများကို ပညာအရည်အချင်း၊ အထုံပါရမီတို့ဖြင့် ဆုံးဖြတ်သတ်မှတ်လေ့ရှိသည်။ စီအီးအို၊ ဌာနအကြီးအကဲ၊ ဆရာဝန်၊ ဘီလျံနာ စသည်ဖြင့်ဖြစ်သည်။ ထိုသူတို့သည် လေကလေး ချွန်လိုက်ရုံ၊ လက်ဖျောက်လေးတီးလိုက်ရုံဖြင့် ကြီးမားသောအပြောင်းအလဲများ ဖြစ်လာနိုင်စေသည်။ သို့သော် အက်ပဲလ်၏ ဧဝံဂေလိတစ်ဦး ဖြစ်ခဲ့သော ဂိုင်းကာဝါဆာကီက 'လူထုနဲ့ နက်နက်ရှိုင်းရှိုင်း ထိတွေ့မှုမရှိဘူးဆိုရင် အဲဒီလူဟာ သူတို့အပေါ်မှာ ဩဇာလွှမ်းမိုးမှုကို မရနိုင်ပါဘူး' ဟု ဆိုသည်။

mgyoe.com

mgyoe.com


အမှန်မှာ ထိုကဲ့သို့ ကြီးမြတ်သော ပုဂ္ဂိုလ်များသည် ပျမ်းမျှထက် အနည်းငယ်မြင့်သော သြဇာလွှမ်းမိုးမှုကို ပိုင်ဆိုင်ထားကြသူများဖြစ်သည်။ သူတို့အတွက် သြဇာလွှမ်းမိုးမှုကို ရရှိစေသည့်နည်းလမ်းမှာမူ အခြားသူများနှင့် အတူတူပင်ဖြစ်သည်။ သြဇာလွှမ်းမိုးမှုသည် ပညာအရည်အချင်း၊ အတွေ့အကြုံတို့အပေါ် အခြေခံခြင်းမဟုတ်ပါ။ ကြီးမြတ်သည်ဖြစ်စေ နုံချာသည်ဖြစ်စေ တစ်ဖက်လူထံတွင် ကိုယ့်အတွက် နေရာတစ်နေရာ ရှိနေခြင်းပင်ဖြစ်သည်။ ကိုယ်က ဦးဆောင်လွှမ်းမိုးလိုသူများနှင့် ဆက်ဆံသည့်နေရာတွင် ယင်းအချက်ကို စိတ်ထဲတွင် ထည့်ထားရန်လိုအပ်သည်။ သြဇာလွှမ်းမိုးခြင်းသည် တခြားသူတို့ထက်ပို၍ စမတ်ကျနေခြင်း မဟုတ်ပါ။ တစ်ဖက်လူက ဘာလိုသလဲဆိုသည်ကို ဂရုစိုက်ခြင်းနှင့် နှစ်ဦးနှစ်ဖက်အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ပေးခြင်းသာဖြစ်သည်။

အမေရိကန်သမ္မတ ရော်နယ်ရေဂင်၏ အမျိုးသားလုံခြုံရေး အကြံပေး ခြောက်ယောက်အနက်မှ တတိယမြောက် ပုဂ္ဂိုလ် ရောဘတ်မက်ဖာလိန်းက သူ့သမ္မတနှင့် ပတ်သက်၍ 'သူက နည်းနည်းပဲသိပြီး အများကြီးအောင်မြင်တဲ့သူပဲ' ဟု ပြောခဲ့သည်။ ရေဂင်သည် သမ္မတသက်တမ်း ကုန်ဆုံး၍ အနားယူချိန်တွင် သမ္မတတာဝန်ယူခါစကထက် ပို၍ သြဇာလွှမ်းမိုးမှုကြီးမားခဲ့သူဖြစ်သည်။ သမ္မတ ဒွိုက်အိုက်ဆင်ယောင်ဝါနောက်ပိုင်း သြဇာတိက္ကမအကြီးဆုံး သမ္မတဟု ဆိုစမှတ်ပြုကြသည်။ ဘယ်လိုကြောင့်ပါလဲ။ သမ္မတ အိုဘားမားကတော့ 'သမ္မတ ရေဂင်ဟာ အမေရိကန်ပြည်သူတွေရဲ့တာဝန်ခံမှုအပေါ်၊ အပြောင်းအလဲအပေါ် လိုချင်တောင့်တနေတာတွေကို နားလည်သူပါ။ ပြည်သူတွေ ခံစားနေရတာတွေထဲကို သူရောက်အောင်သွားခဲ့တယ်'ဟု ဆိုသည်။

> ၂။ သြဇာလွှမ်းမိုးမှုသည် သိမ်မွေ့သော လက်တစ်ဖက်ရှိဖို့လိုအပ်သည်။ အိမာဆင်နှင့် သူ့သားတို့သည် လက်လေးဘက် ခြေရှစ်ချောင်း လွန်ဆွဲပြိုင်နေချိန်တွင် အိမ်ဖော်မလေးက သိမ်မွေ့သော လက်တစ်ဖက်ဖြင့် ခေါင်းမာသော နွားလေးကို သိမ်းသွင်းခဲ့သည်။

mgyoe.com

mgyoe.com


ထိုဖြစ်ရပ်မှာ ကိုယ့်ဘက်က ဘယ်ပုံဘယ်နည်းနှင့် အနည်းငယ် လှုပ်ရှားလိုက်ရုံမျှဖြင့် တစ်ဖက်သားကို လှုပ်ရှားစေနိုင်သလဲဆိုသည့် ကိစ္စအတွက် အမှတ်စရာတစ်ခုဖြစ်သည်။ အမေရိကန်သမ္မတ ဒွိုက်အိုင်ဆင်ဟောင်ဝါသည် ဘဲဥပုံစားပွဲပေါ်မှ စာရွက်ဖိသည့် အလေးတုံးတွင် 'အပြင်ပန်းအားဖြင့် သိမ်မွေ့ပါ၊ ဆောင်ရွက်ရာတွင် ခိုင်မာပါ' ဟု အဓိပ္ပာယ်ရသည့် စာသားကို လက်တင်ဘာသာဖြင့် ရေးထိုးထားသည်။ သူ၏ ကမ္ဘာပေါ်တွင် ဩဇာလွှမ်းမိုးနိုင်စွမ်းမှာ ပြောစရာမရှိပေ။

"ကျွန်တော်တို့ရဲ့ အခြေခံအကျဆုံး ဆန္ဒများမှတစ်ဆင့် လှုပ်ရှားဆောင်ရွက်မှုများဖြစ်လာသည်' ဟု စာရေးဆရာ ဟယ်ရီအိုဗာစထရိက Influencing Human Behavior စာအုပ်တွင်ရေးသားခဲ့သည်။ 'စီးပွားရေးမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ နိုင်ငံရေးမှာဖြစ်စေ ဆွဲဆောင်နိုင်စွမ်းရှိချင်သူတွေအတွက် အကောင်းဆုံးအကြံပေးချက်တစ်ခုကတော့ အရင်ဆုံး တစ်ဖက်လူရဲ့ ပြင်းပြတဲ့ လိုလားမှုဆန္ဒဆီကို ရောက်အောင်သွားတာပါပဲ။ အဲဒီလို လုပ်နိုင်သူတစ်ယောက်ဟာ တစ်ကမ္ဘာလုံးကို သူနဲ့အတူ ရှိနေစေနိုင်ပါပြီ။ အထီးကျန်တယ်ဆိုတာမျိုး မရှိနိုင်တော့ပါဘူး" ဟုလည်း ၎င်းက ဆိုသည်။

အရင်းခံဆန္ဒအထိရောက်အောင်သွားသော သဘောတရားသည် လုပ်ငန်းနယ်စည်းမခြား၊ နိုင်ငံနယ်စည်းမခြား အသုံးဝင်သော သဘောတရားဖြစ်သည်။ ဟော်လန်မှ စွမ်းအင်အမှုဆောင်အရာရှိအတွက် အရေးပါသလို ဟောလီဝုဒ်မှ ထုတ်လုပ်သူတစ်ဦးအတွက်လည်း အရေးပါသည်။ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးတွင် အောင်မြင်မှုရရှိခြင်းသည် သတင်းပေးသူက ကိုယ်ပြောချင်သည်များကို ပြောနေခြင်းမှ ရပ်တန့်လိုက်ပြီး နားထောင်နေသူ ဘာလိုချင်သလဲဆိုသည်ကို စတင်ရှာဖွေရာမှ အစပြုသည်။ နှစ်ဦးနှစ်ဖက်ဆက်ဆံရေး ပျက်ယွင်းရခြင်းသည် ပြောသူက နာသူကို ကိုယ်ဖြစ်ချင်သည်များသာ ပြောဆိုခြင်းကြောင့်ဖြစ်သည်။ ယင်းသို့ အဖြစ်မျိုးသည် အရောင်းလုပ်ငန်းများတွင် ပို၍ အတွေ့များသည်။

Killing the Sale စာအုပ်တွင် စာရေးဆရာ တော့ဒ်ဒန်ကန်က အရောင်းဝန်ထမ်းများ၏ အကြီးမားဆုံးသော အမှားများကို ရေးပြထား

mgyoe.com

mgyoe.com


သည်။ ထိုအချက်များထဲတွင် ငြင်းခုန်ခြင်းဟု သူအမည်ပေးထားသော အချက်တစ်ချက်လည်း ပါဝင်သည်။ ယင်းမှာ တစ်ဖက်လူ၏ စိတ်သဘောထားနှင့်မတိုက်ဆိုင်ချိန်တွင် ကျူးလွန်မိသောအပြစ်ကြီးဖြစ်သည်။ အရောင်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်သည်ဖြစ်စေ မလုပ်သည် ဖြစ်စေ ထိုအချက်ကို အလေးထားရမည်ဖြစ်သည်။ ဒန်ကန်က နှစ်ဦးနှစ်ဖက် ဆက်ဆံသည့် နည်းလမ်းနှစ်မျိုးကို ဇယားချပြီး ယှဉ်ပြထားသည်။

| | |
|---|---|
| အပြန်အလှန် ဆွေးနွေးခြင်း | တစ်ကိုယ်တော်ပြောဆိုခြင်း |
| တစ်ဖက်သားကိုအလေးထားခြင်း | ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်း |
| စစ်မှန်ခြင်း | အတုအယောင်မှုသာဖြစ်ခြင်း |
| ပွင့်လင်းမြင်သာခြင်း | ကြီးကိုင်ခြယ်လှယ်ခြင်း |
| လုံခြုံစိတ်ချရခြင်း | လိုအပ်ချက်များခြင်း |
| လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသည်ကို စိတ်ဝင်စားခြင်း | ဝင်ငွေဖန်တီးသည်ကို စိတ်ဝင်စားခြင်း |
| ယုံကြည်မှုတည်ဆောက်ခြင်း | ဖိအားများ တည်ဆောက်ခြင်း |

လူတစ်ဖက်သား၏ စိတ်ဆန္ဒကို နားလည်ကျွမ်းဝင်အောင်လုပ်ခြင်းသည် တစ်ကမ္ဘာလုံး ကိုယ့်အိတ်ထဲရောက်လာပြီဟုတော့ မဆိုလိုပါ။ ထိုအချက်ကို မချဉ်းကပ်ခဲ့လျှင်မူ ကျန်သောအချက်များကို ချဉ်းကပ်ရန် မဖြစ်နိုင်တော့ပေ။ လူတို့သည် သူတို့၏မျက်စိနှင့်နားများကို ပိတ်ထားကြလိမ့်မည်။ သို့တည်းမဟုတ် ပို၍ ဆက်ဆံရေးကောင်းသောဘက်သို့ လှည့်ထားကြလိမ့်မည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရွေးချယ်စရာများသည် များပြားလွန်းလှသည် မဟုတ်ပါလား။

ကော်ပိုရေးရှင်း အီးမေးလ်များ၊ ကုမ္ပဏီ တွိ (tweets) များ၊ အမှတ်တံဆိပ်ဘလော့များ၊ စီးပွားရေးလုပ်ငန်းကြော်ငြာ အများစုသည် တစ်ကိုယ်တော်စကားပြောနေသလိုပင် ဖြစ်သည်။ သဘောထားကို ထုတ်ဖော်ခြင်း၊ အမှတ်တံဆိပ်ကို ရှင်းပြခြင်း၊ ထုတ်ကုန်ကို ကြော်ငြာခြင်းမျှသာ ရှိနေကြသည်။ ယင်းတို့ထဲတွင် အပြန်အလှန်နားလည်လိုသော စိတ်ဓာတ်ဖြင့်

mgyoe.com

mgyoe.com


ပြောနိုင်ဆိုနိုင်လျှင် အားသာချက်ရရှိမည်သာဖြစ်သည်။ ထိုသို့ အားသာချက်ကို ဘယ်လိုရယူရမလဲဆိုသည်ကို ဘယ်လိုသိနိုင်ပါသလဲ။

ရိုးသားမှု ဂုဏ်ဒြပ်သည်ပင်လျှင် များသောအားဖြင့် လုံလောက်လေ့ရှိပါသည်။ စိတ်ရင်းစေတနာမှန်ဖြင့် တစ်ဖက်သား၏စိတ်ဆန္ဒကို နားလည်အောင်ကြိုးစားခြင်းနှင့် ဟန်ဆောင်ပြီးအခွင့်အရေးယူဖို့ ကြိုးစားသည့် လုပ်ဆောင်ချက်နှစ်ခုအကြားတွင် ကွဲပြားခြားနားမှုများစွာ ရှိပါသည်။ ဒန်ကန် ဇယားချပြထားသည့်အတိုင်းပင်ဖြစ်သည်။ ကိုယ်နှင့် ဆက်ဆံရမည့် သူများ၏ သဘောဆန္ဒကို စိတ်ရင်းစေတနာမှန်ဖြင့်ဖော်ထုတ်ပြီး သူတို့၏ ဆန္ဒများနှင့် လိုက်လျောညီထွေဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ရမည် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ ပညာရေးဝန်ကြီး တာဝန်ယူဖူးသူ တစ်ဦးက သူသည်ဝန်ကြီးဖြစ်ပြီး တစ်နှစ်ကြာသည်အထိ ဆက်ဆံရေးသဘောတရားများကို နားမလည်ခဲ့ဟုဆိုသည်။ သူ၏တိုးတက်မှုများအပေါ်တွင် သူသာယာနေခဲ့သည်။ လှည့်လည်စစ်ဆေးသည်၊ မိန့်ခွန်းများပြောသည်၊ ပရိသတ်ကလည်း လက်ခုပ်သြဘာပေးကြသည်။ ညစာစားပွဲများ၊ ပြန်လည်တွေ့ဆုံပွဲများ တက်သည်။ သူ့ကို ဝိုင်း၍ ထောမနာကြသည်။

ခရစ္စမတ်ကာလသည် အပြောင်းအလဲစတင်ဖို့ ဖြစ်ခဲ့သည်။ အိမ်မှာနေရင်း သူစဉ်းစားသည်။ သူသည် ထင်ပေါ်ကျော်ကြားသည်။ အားလည်းထုတ်သည်။ သို့သော် ဌာနအတွင်းတွင် ဘာကြောင့် ဘာမှ မပြောင်းမလဲဘဲ ရှိနေပါသနည်း။ ဝန်ထမ်းတို့သည် ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် လုပ်သည်။ ပြီးလျှင် အိမ်ပြန်သည်။ သို့သော် ဘာတိုးတက်မှုမှမရှိ။

ဘာကြောင့်လဲ ဆိုသည်ကို သူသိချင်လာသည်။ ပညာရေးဝန်ကြီးဌာနကြီးကို အမှန်တကယ် မောင်းနှင်နေသူများအား သူရှာကြည့်လိုက်သည်။ အရပ်သားပြည်သူ့ဝန်ထမ်းများဖြစ်သည်ကို သွားတွေ့လိုက်ရသည်။ သူတို့သည် အိမ်ဖြူတော်ကို ဘယ်နိုင်ငံရေးပါတီကပဲ ဝင်စီးထား ပါစေ သူတို့ဘာသာ လုပ်ကိုင်ဆောင်ရွက်နေကြသူများဖြစ်သည်။ အရပ်ဖက်ဝန်ထမ်းများကို သူ့အနေနှင့် ခန့်ပိုင်ခွင့်လည်းမရှိ၊ ဖြုတ်ပိုင်ခွင့်လည်း မရှိ။ သူသည် တံတားပေါ်တွင်ရပ်နေပြီး အောက်တွင် ဘာနှင့်မျှချိတ်မထားသည့်

mgyoe.com

ပွဲကိုင်ရှင် တစ်ယောက်သာ ဖြစ်နေသည်။ တစ်ခုတည်းသောနည်းလမ်းမှာ ထိုသူတို့အပေါ်တွင် သြဇာသက်ရောက်မှုရရှိရေးပင်ဖြစ်သည်။ ပြဿနာမှာ သူတို့ထံသို့ နိုင်ငံရေးပါတီ အမျိုးမျိုးမှ ပုဂ္ဂိုလ်အမျိုးမျိုး အရင်ကတည်းက ရောက်ရှိခဲ့ဖူးခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့ တစ်ခါလာလျှင် သူတို့တစ်ခါပင်ပန်းရသည်။ ဤသို့ဖြင့် နောက်ပိုင်းတွင် အထက်မှလာသည့် မူဝါဒများကို ဘေးချိတ်ထားလိုက်ကြတော့သည်။

ဝန်ကြီး၏ ဇနီးက ဝန်ကြီးအနေဖြင့် ပညာရေးကို ဘယ်လောက်နှစ်သက်မြတ်နိုးသလဲဆိုသည်ကို သူတို့သိအောင်လုပ်ဖို့ အကြံပေးသည်။ သို့သော် စကားလုံး အသစ်များဖြင့် ပြောဆိုခြင်းမျိုးမဟုတ်ဘဲ ပုံစံအသစ်ဖြင့် အလုပ်လုပ်ပြပြီး သိအောင်လုပ်ဖို့ ဖြစ်သည်။ 'ကျောင်းတွေကိုသွားပြီး ကလေးတွေကို အချိန်ပေးလိုက်ပေါ့။ လက်လီစိတ်ရမယ်။ ကိုယ်လုပ်တာတွေဟာ သူတို့ တကယ်ဂရုစိုက်တဲ့အရာတွေဖြစ်တယ်ဆိုတာကို လူတိုင်းသိအောင် လုပ်ရမယ်' ဟု ဝန်ကြီး၏ ဇနီးက ဆိုသည်။ ဝန်ကြီးကမူ သူသည်ဝန်ကြီးဖြစ်၍ လက်လီမရောင်းဘဲ လက္ကားသာ ရောင်းရမည်ဟုဆိုသည်။ သို့သော် အရောင်းဝန်ထမ်းတစ်ဦး၏သမီးဖြစ်သူ ဇနီးသည်က 'ရှင် လက်လီမရောင်းတတ်ဘဲ လက္ကားမရောင်းတတ်ဘူးတော့' ဟု ပြောလိုက်သည်။ ဝန်ကြီးကလည်း လက်ခံလိုက်သည်။

နောက်နှစ်တွင် ဝန်ကြီးသည် နယ်ခရီးများ လှည့်လည်တော့သည်။ အင်္ကျီလက်ကို ပင့်တင်ထားသည်။ ပုံပြင်များဖတ်သည်။ ဆရာ၊ ဆရာမများက ပြောသည်များကို နားထောင်သည်။ ဤနည်းဖြင့် သူသည် လက်လီစိတ်ပညာရေးအပေါ် ဘယ်လောက်နှစ်သက်မြတ်နိုးကြောင်း လူတိုင်း သတိထားမိအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ယင်းမှာ ပုဂ္ဂိုလ်ရေးအောင်မြင်မှုသာရှိသေးသည်။ ပို၍ပြောင်မြောက်သည်မှာ သူ၏လုပ်ဆောင်ချက်များသည် သူ၏ဝန်ထမ်းများအပေါ် အကျိုးသက်ရောက်မှု ရှိလာခြင်းဖြစ်သည်။ သူတို့၏ လမ်းကြောင်းများ စတင်ပြောင်းလဲလာကြသည်။ နေ့စဉ်သာမန်အလုပ်လုပ်နေရာမှ ပိုကောင်းသောပညာရေးအတွက်၊ ပိုကောင်းသောအခွင့်အလမ်းများအတွက်၊ ပိုများသော မိသားစုများအတွက် စသည်ဖြင့် ဖြစ်လာကြသည်။ သူတို့ ထပ်မံယုံကြည်ချင်လာကြပြန်သည်။ သူတို့အတွက်

mgyoo.com

mgyoe.com
သူတို့လုပ်ဆောင်နေသည်များကို အသိအမှတ်ပြုပေးဖို့သာ လိုအပ်သူများဖြစ်သည်။ ဝန်ကြီးက အသိအမှတ်ပြုပေးလိုက်သည်။ ရေစီးကြောင်း ပြောင်းလဲသွားတော့သည်။

ကျွန်တော်တို့၏ ကြမ်းတမ်းသော ကမ္ဘာကြီးတွင် ဝန်ကြီးလို အဆင့်အတန်းသည် ယင်းသို့ ခွဲခြမ်းစိတ်ဖြာဖို့ လွယ်ကူစေသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ကျွန်တော်တို့၏ ဒီဂျစ်တယ် လူမှုဆက်ဆံရေးလောကတွင် အများစုမှာ တစ်လမ်းသွား ဆက်ဆံရေးများသာဖြစ်နေသည်။ တခြားသူ၏သဘောထားကို ဖော်ထုတ်နိုင်ရန် အခွင့်အရေး လွန်စွာမှ နည်းပါးလှသည်။ နေ့စဉ်နှင့်အမျှ ပို၍ပို၍များပြားသော လူများနှင့် ဆက်ဆံနေရသည်။ တစ်ချိန်တည်းမှာပင် ပို၍ပို၍ အထီးကျန်သလို ဖြစ်လာသည်။ ကျွန်တော်တို့သည် ကိုယ့်သဘောထားကို အမြန်ဆုံးနှင့် အကျယ်ပြန့်ဆုံးပျံ့နှံ့အောင် ဘယ်လိုလုပ်ရင် အကောင်းဆုံးဖြစ်မလဲဆိုသည့် အပေါ်တွင်သာ ပိုမိုအာရုံထားလာကြသည် မဟုတ်ပါလား။

ဤနေရာတွင် ကျွန်တော်တို့၏ အဓိကရည်မှန်းချက်များဖြစ်သော ပေါင်းသင်းဆက်ဆံရေး၊ ဩဇာလွှမ်းမိုးရေး၊ သဘောတူညီရေး၊ ပူးပေါင်းဆောင်ရွက်ရေး စသည့်အချက်များကို အလွယ်တကူ မေ့ပျောက်သွားနိုင်ပါသည်။ မည်သို့ဆိုစေ ကောင်းသည့်အချက်တော့ ရှိနေပါသေးသည်။ တစ်လမ်းမောင်း ထုတ်လွှင့်ပြောဆိုမှုတို့သည် နယ်ပယ်ကဏ္ဍ ကျယ်ပြန့်စွာတွင် ရှိနေကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် ခလုတ်အနည်းငယ် နှိပ်ရုံမျှဖြင့် အခြားသူများ၏ သဘောထားများ၊ ရည်ရွယ်ချက်များကို သိရှိနိုင်ပါသည်။

အစောပိုင်းက ကျွန်တော်တို့သည် ဒီဂျစ်တယ် မီဒီယာလောက၏ အန္တရာယ်များကို ပြောခဲ့သည်။ စောဒကမတက်ဖို့ စသည်ဖြင့် ဖြစ်သည်။ အများစုသည် ကိုယ်က လျှို့ဝှက်ချက်ကို ဘယ်လိုပေါက်ကြားလိုက်ရမလဲဆိုသည်ကိုသာ ပိုပြီးအလေးထားကြသည်။ ကျွန်တော်တို့ ဘာတွေဖြစ်နေသလဲဆိုသည်ကို ထုတ်ဖော်သည်။ ကိုယ်ပြောချင်တာ၊ ကိုယ်လုပ်ချင်တာ၊ ကိုယ်ဖြစ်ချင်တာကို မကြာခင် မြင်တွေ့ရဖို့ မျှော်လင့်ကြသည်။

ယင်းအချက်အလက်ကလေးများကို အသိပညာကိုယ်ထည်တွင်
mgyoe.com

ကပ်လိုက်လျှင် သဲလွန်စတစ်ခုခုရနိုင်ပါပြီ။ ယင်းမှာ ကျွန်တော်တို့၏ ဆန္ဒအရင်းခံကို ထိုးဖောက်မြင်စေနိုင်သည့် ပြတင်းပေါက်လေးများပင် မဟုတ်ပါလား။ ဩဇာလွှမ်းမိုးမှုအတွက် ယင်းအသိလေးသည် တန်ဖိုးမဖြတ်နိုင်သော အရာဖြစ်သည်။ နွားကလေးလိုပင်ဖြစ်သည်။ နွားကလေးသည် ပိုများသော အစားအစာတို့ကို လိုချင်သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ကို ဆွဲဆောင်နိုင်သော အရာဘက်သို့သာ ရွေ့လျားကြပါသည်။

❐

mgyoe.com

mgyoe.com

# အပိုင်း – ၂

## အထင်ကြီးလေးစားမှုကို ထိန်းထားနိုင်သော နည်းလမ်း ခြောက်သွယ်

mgyoe.com

mgyoe.com

# အခန်း (၁)

## တစ်ဖက်လူကို စိတ်ဝင်စားပါ

မိတ်ဆွေများ အမြန်ဆုံးရရှိဖို့ ဘယ်သူ့ဆီမှာ သင်ယူရမလဲဆိုသည့် အချိန်မျိုးရောက်လာသည်ဆိုပါစို့။ တွစ်တာတွင် နောက်လိုက် နောက်ပါ ဖော်လိုဝါ အများဆုံးရရှိထားသူထံ ချဉ်းကပ်ရမလား။ နာမည်ကြီး ဘလော့ ဂါတစ်ယောက်ထံကိုလား။ အရောင်းရဆုံး အရောင်းသမား တစ်ယောက်ဆီ ကိုလား။ ဩဇာတိက္ကမအကြီးမားဆုံး နိုင်ငံရေးသမားတစ်ယောက်ထံမှ သင်ယူရမည်လား။

ထိုသူများအားလုံးတွင် နောက်လိုက်နောက်ပါ အပေါင်းအသင်းများ စွာရှိကြသည်က အမှန်ပင်ဖြစ်သည်။ တစ်ယောက်ချင်းစီက ကောင်းမွန် သော အကြံဉာဏ်များကိုလည်း ပေးလိုက်ကြပါလိမ့်မည်။ သို့သော် ထို သူတို့သည် ကျွန်တော်တို့အတွက် စံပြပုဂ္ဂိုလ်များ မဖြစ်နိုင်ပါ။ ခွေးများဆို လျှင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ကျွန်တော်တို့ အပြင်ကို နှစ်မိနစ်လောက် ခဏထွက်သည်ဖြစ်စေ၊ ခရီးယာယီ နှစ်ပတ်လောက်သွားသည်ဖြစ်စေ အိမ်ပြန်ရောက်ချိန်တွင် ကျွန်တော်တို့၏ ခွေးများသည် ကျွန်တော်တို့ကို သူရဲကောင်းများကို ကြိုဆိုသလို ကြိုဆိုကြသည်မဟုတ်ပါလား။ သူတို့သည် ကျွန်တော်တို့ကို

mgyoe.com

mgyoe.com


နှိမ့်ချသည်ဟူ၍မရှိပါ။ လှောင်ပြောင်သည်ဟူ၍ မရှိပါ။ သူတို့၏တည်ရှိမှုသည် ကျွန်တော်တို့နှင့် မိတ်ဆွေဖြစ်ဖို့ ဖြစ်သည်။ ကျွန်တော်တို့ကို ဗဟိုပြု၍ ပတ်ချာလည်လှည့်နေခြင်းသည် သူတို့၏တည်ရှိမှုဖြစ်သည်။ သူတို့တွေသည် စစ်မှန်သော ပျော်ရွှင်မှုမရှိဘဲနှင့် ကျွန်တော်တို့အနားတွင် နေထိုင်ကြသည်လား။

ခွေးများကို လူတို့၏အကောင်းဆုံးမိတ်ဆွေဟု ခေါ်ရခြင်းမှာအကြောင်းပြချက်ရှိပါသည်။ ခွေးတို့၏ သစ္စာရှိမှု ဇာတ်လမ်းများသည် ဂန္ထဝင်မြောက်စွာတည်ရှိနေပါသည်။ နာမည်ကျော် ကဗျာဆရာကြီး ဘိုင်ရွန်က သူ့ခွေး ဘုတ်စဝိန်းအကြောင်းကို 'သူ့ထံတွင် လူတို့၏ကောင်းကွက်များအားလုံးရှိသည်၊ မကောင်းသည့်အချက် လုံးဝမရှိပါ'ဟု ရေးသားခဲ့သည်။ ကျွန်တော်တို့ခေတ်တွင်လည်း အခြားဇာတ်လမ်းများစွာ ရှိပါသည်။

ကျွန်တော်တို့အနေဖြင့် တစ်ဖက်လူများက ကိုယ့်အပေါ် စိတ်ဝင်စားလာအောင် လနှင့်ချီ၍ အချိန်ယူနေရချိန်တွင် ကိုယ်က တစ်ဖက်သားအပေါ် ရိုးသားစွာ စိတ်ဝင်စားမှုပြလိုက်ခြင်းဖြင့် မိနစ်ပိုင်းအတွင်း မိတ်ဆွေများစွာ ရနိုင်သည်ဆိုသည့် အားသာချက်ကို ခွေးများက ပင်ကိုဗီဇအရပင် သိရှိနားလည်ထားကြသည်။ ယင်းမှာ မိတ်ဆွေဖွဲ့မှုအတွက် အခြေခံအကျဆုံးသဘောတရားဖြစ်ပြီး ဤအချက်မပါဘဲနှင့် မိတ်ဆွေဖွဲ့ဖို့ ဖြစ်နိုင်စရာမရှိပေ။ခွေးတို့၏ အမြင်မှကြည့်လျှင် လူသားတို့၏ မိတ်ဖွဲ့ခြင်းတွင် ကြီးမားသော လှည့်ကွက်ကြီးတစ်ခုရှိသည်။ ယင်းမှာ အခြားသူတို့၏ဘဝတွင် မိမိ၏ထင်ရှားမှုကို ရရှိလိုသော ပြင်းပြသည့် ဆန္ဒပင်ဖြစ်သည်။ ဤသည်ကိုပင် အတ္တကြီးသည်ဟုဆိုခြင်းဖြစ်သည်။ အတ္တကြီးမှုသည် ချစ်ကြည်ရင်းနှီးမှု၏ အကြီးမားဆုံးသော အဟန့်အတားပင်ဖြစ်သည်။

ကိုယ့်အတွက်ကိုယ်သာ စိတ်ဝင်စားမှုသည် တွစ်တာတို့ ဖေ့စ်ဘွတ်ခ်တို့ ပေါ်လာချိန်တွင်မှ ရှိလာသည့်သဘောတရား မဟုတ်ပါ။ ဖရန်စတာတို့ မိုင်စပေ့စ်တို့ တွင်ကျယ်ခဲ့စဉ်ကလည်း ရှိပါသည်။ ဆဲလ်ဖုန်းများ၊ အင်တာနက်များ၊ အီးမေးလ်များ မပေါ်ခင်ကတည်းက ရှိခဲ့သည့် စရိုက်မျိုးဖြစ်သည်။ ယခုစာအုပ်၏ မူရင်းစာမူကို ကာနက်ဂျီ စတင်ရေးသားသည့် ၁၉၃၀ ပြည့်နှစ်တွင် နယူးယောက်တယ်လီဖုန်းကုမ္ပဏီက စစ်တမ်းတစ်ရပ် အသေး

mgyoe.com

mgyoe.com


စိတ်ကောက်ခဲ့သည်။ ထိုစစ်တမ်းအရ လူတစ်ယောက်သည် တယ်လီဖုန်းပြောဆိုမှု အကြိမ် ၅၀၀ တွင် ကျွန်တော် (ကျွန်မ/ ငါ) ဆိုသည့် စကားလုံးကို အကြိမ် ၃၉၀၀၀ အသုံးပြုသည်ဟု ဆိုပါသည်။

ကျွန်တော်တို့၏ အတ္တကြီးမှု၊ ယဉ်ယဉ်ကျေးကျေးပြောရလျှင် ကိုယ့်အတွက်သာစိတ်ဝင်စားခြင်းကို ကမ္ဘာကျော် ပုံပြင်များစွာတွင်လည်း တွေ့နိုင်သည်။ အီကားရပ်စ်သည် နေနှင့် နီးသည်ထက်နီးအောင် မြင့်မြင့်ပျံခြင်းကြောင့် အတောင်များကို ကပ်ထားသည့် ဖယောင်းများပျော်ကျပြီး သမုဒ္ဒရာထဲသို့ ထိုးစိုက်ပျက်စီးခဲ့ရသည်မှာ ဖခင်၏စကားကို နားထောင်ဘဲ ကိုယ့်ကိုယ်ကိုယ်သာ စိတ်ဝင်စားခြင်းကြောင့် ဖြစ်သည်။ ပီတာရက်ဘစ်လေးသည် မစ္စတာမက်ဂရီဂေါ်၏ ပြုစားခြင်းကိုခံလိုက်ရသည်မှာ မိခင်ဖြစ်သူ၏ ထိုခြံထဲသို့မဝင်နှင့်ဟူသော စကားကို မေ့ထားလိုက်ပြီး ကိုယ့်အတွက်သာကိုယ် စိတ်ဝင်စားသောကြောင့်ဖြစ်သည်။ ထို့အတူ အာဒမ်နှင့် ဧဝသည် အေဒင်ဥယျာဉ်ထဲတွင် ဘုရားသခင်၏ အမှာစကားကို မလိုက်နာသည်မှာ အဘယ်ကြောင့်ပါနည်း။ သူတို့လည်း ကိုယ့်အတွက်ကိုသာ ပို၍ စိတ်ဝင်စားခဲ့သောကြောင့် ဖြစ်ပါသည်။

အတ္တကို ဦးစားပေးခြင်း သို့မဟုတ် ကိုယ့်ကိုယ်ကိုယ်သာ စိတ်ဝင်စားခြင်းသည် မည်သူမှ ပြောင်းလဲလိုခြင်းမရှိသော သဘောတရားတစ်ခုဖြစ်သည်။ ဒြပ်ဆွဲအားလို ဆွဲအားကောင်းသည့်အရာဖြစ်သည်။ ကျွန်တော်တို့သည် တိုက်ခိုက်မလား၊ ထွက်ပြေးမလားဟူသော ဗီဇဖြင့် မွေးဖွားလာသည့် သတ္တဝါများဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ လုပ်သမျှပြောသမျှသည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ကိုသာ ဦးတည်ထားသည်ကို တွေ့ရပေလိမ့်မည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့သည် ဘယ်သူ့ကို တိုက်ခိုက်နေမှန်း၊ ဘယ်အရပ်သို့ ဦးတည်ထွက်ပြေးနေမှန်း မသိဘဲနှင့်ပင် တိုက်ခိုက်ပြေးလွှားနေတတ်ကြပါသည်။

အကယ်၍ ကျွန်တော်တို့သည် ဂရုမစိုက်ဘဲ ဒီအတိုင်းလွှတ်ထားလိုက်ပါက ကျွန်တော်တို့၏ ကိုယ့်ကိုယ့်ကိုယ် ကာကွယ်ခြင်းသည် ကိုယ့်ကိုယ်ကိုယ် ထောင်သွင်းအကျဉ်းချထားလိုက်သလို ဖြစ်နေပါလိမ့်မည်။ ဆိုလိုသည်မှာ အဓိပ္ပာယ်ရှိသော အပြန်အလှန် ဆက်ဆံရေးတစ်ရပ်ကို မလုပ်

mgyoe.com

mgyoe.com


နိုင်ဘဲရှိတတ်သည်။ တချို့ကိစ္စများတွင် ပုဂ္ဂိုလ်ရေးအရ ဆက်ဆံရေးတိုးတက်သင့်သည်များကို ဖြတ်တောက်လိုက်သလို ဖြစ်သွားပါသည်။

အကယ်၍ ကျွန်တော်တို့သည် ဂရုမစိုက်ဘဲ ဒီအတိုင်းလွှတ်ထားလိုက်ပါက ဦးတည်ရာမဲ့ ထွက်ပြေးခြင်းဖြင့် သီးခြားကျွန်းတစ်ခုပေါ်သို့ ရောက်သွားနိုင်ပါသည်။ ဆိုလိုသည်မှာ ကိုယ့်ကိုယ်ကိုယ်သာ စိတ်ဝင်စားရင်း တစ်ကိုယ်တည်းအထီးကျန်သွားခြင်းမျိုးဖြစ်သည်။ ထရိုင်မြို့၏ အုတ်တံတိုင်းကြီးများကို မြင်ယောင်ကြည့်ပါ။ အကောင်းဆုံးအကာအကွယ်သည် အကြီးမားဆုံးသော ပျက်စီးဆုံးရှုံးမှုဖြစ်စေခဲ့သည်ကို မြင်တွေ့ရပါလိမ့်မည်။

ဩစတြီးယန်းလူမျိုး ကမ္ဘာကျော် စိတ်ရောဂါကု ဆရာဝန် အဲဖရက်အက်ဒလာက "အပေါင်းအသင်းတွေအပေါ်မှာ စိတ်မဝင်စားတဲ့ တစ်ကိုယ်တော်ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘဝမှာ အကြီးမားဆုံးသော အခက်အခဲတွေနဲ့ ရင်ဆိုင်ရတတ်သလို တစ်ဖက်သား ကိုလည်း အပြင်းထန်ဆုံး ဒဏ်ရာတွေ ပေးနိုင်တယ်။ အဲဒီလို တစ်ကိုယ်တော်သမားတွေကနေ လူသားတွေရဲ့ ပျက်စီးဆုံးရှုံးမှုတွေ စတင်လာခဲ့တယ်" ဟု ရေးသားခဲ့သည်။

ထိုစာသားမှာ အင်မတန် ရဲရဲတင်းတင်း သုံးသပ်ထားသော သဘောထားဖြစ်သည်။ သို့သော် ထိုသဘောထားအတွက် သက်သေဆောင်သည့် ဖြစ်ရပ်များကလည်း ရှိခဲ့ပါသည်။ ကမ္ဘောဒီးယားလူသတ်ကွင်းမှသည် လီမန်ညီနောင်တို့၏ဘဏ် ဒေဝါလီခံရခြင်းအထိ လူသားချင်းစာနာထောက်ထားမှု ပျောက်ကွယ်သွားသည့်ပုံစံအားလုံးသည် ကိုယ့်ဖို့တစ်ဖို့တည်းကြည့်သူများကြောင့် အများပျက်စီးရသည့်သာဓကများဖြစ်သည်။

အထက်ပါသာဓကများမှာ ပြင်းထန်လွန်းသော သာဓကများဖြစ်သည်။ နေ့စဉ်ဘဝတွင် ထိုမျှလောက်မဆိုးရွားသော်လည်း အနှောင့်အယှက်ဖြစ်ရသည့် ကိစ္စများရှိသည်။ ကုမ္ပဏီအုပ်ချုပ်ရေးပိုင်းက တံစိုးလက်ဆောင်ယူခြင်းသည် အငြိမ်းစားယူလျှင် အတည်တကျလေးဖြစ်စေရန် ရည်ရွယ်ထားသော စတော့ရှယ်ယာပိုင်ရှင်များ၏ မျက်နှာကိုမထောက်ထားခြင်းဖြစ်သည်။ ပညာရှင်အဆင့် အားကစားသမားတစ်ယောက်က တားမြစ်ဆေးသုံးစွဲခြင်းသည် သူ၏အသင်းဖော်များ၊ သူ့အသင်း၏အနာဂတ်နှင့် သူချစ်

mgyoe.com

mgyoe.com



မြတ်နိုးလှသော ထိုအားကစား၏ဂုဏ်သိက္ခာကို မထောက်ထားခြင်းဖြစ်သည်။ အိမ်ထောင်ကွယ်ရာ၌ ဖောက်ပြားခြင်းသည် မိသားစု၏နှလုံးသားကို မထောက်ထားဘဲ တစ်ယောက်တည်း နှစ်ဘဝအရသာကို ခံစားလိုခြင်း အပေါ်တွင်သာ စိတ်ထည့်ထားသောကြောင့်ဖြစ်သည်။

ကိုယ်တစ်ဖို့တည်း ကြည့်သူ၏ ကျဆုံးမှုသည် အခြားအခြားသော ကျဆုံးမှုအားလုံးတို့ထက် အကျနာလှသည်။ အထက်က အက်ဒလာပြောခဲ့သလိုပင် တစ်ကိုယ်တော် နေထိုင်သူတို့၏ဘဝသည် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့်ပြည့်နေသည်။ ပုဂ္ဂိုလ်ရေးဆက်ဆံမှုတစ်ခုတည်း အပေါ်မှာပင် တစ်ခုတည်းသောပြဿနာကို တစ်သက်လုံးရင်ဆိုင်နေရသည်။ မိတ်ဆွေကောင်း အနည်းငယ်သာရှိသည်။ ဩဇာလွှမ်းမိုးမှုမရှိ။

ယနေ့ခေတ်လူများသည် ယခင်ကထက် သတင်းအချက်အလက်များ ပိုမိုရရှိကြသည်။ ထို့ကြောင့် ပို၍ ထိုးထွင်းသိမြင်နိုင်ကြသည်။ ကိုယ်ကျိုးစီးပွားအတွက် သက်သက်သာ သတင်းပေးဆက်သွယ်လာသူတစ်ယောက်ကို ကျွန်တော်တို့ ချက်ချင်းသိနိုင်ကြသည်။ လုပ်ဇာတ်တို့၊ ထွင်လုံးတို့ကို မိုင်ပေါင်းများစွာအကွာမှပင်သိမြင်နိုင်သည်။ လက်သီးပုန်းထိုးနိုင်သည့် အရာများကို ကျွန်တော်တို့ ရှောင်ရှားကြသည်။ ကျွန်တော်တို့ကို ဆွဲဆောင်နိုင်သည်မှာ စစ်မှန်သော၊ ကြာရှည်ခံသော ခံစားချက်များပင် မဟုတ်ပါလား။ ကျွန်တော်တို့သည် နှစ်ဦးနှစ်ဖက်အကျိုးရှိသော သတင်းအချက်အလက်မျိုးနှင့် ဆက်သွယ်လာကြသူများနှင့်သာ ဆက်ဆံလိုကြပါသည်။

အင်ဒရူးဆူလီဗန်သည် နယူးရီပတ်ဘလစ် သတင်းစာတိုက်ကြီးတွင် အသက်အငယ်ဆုံး အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့ရသူဖြစ်သည်။ ၁၉၉၀ ပြည့်လွန် နှစ်အစောပိုင်းကာလများတွင် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး သူ့ထံတွင်ရှိနေသည်ကို သိလိုက်ရသည်။ ထိုစဉ်က ယင်းအခြေအနေသည် သေမိန့်ကျသည်နှင့်အတူတူပင်ဖြစ်သည်။ သူက အလုပ်ထွက်ပြီး အင်တာနက်ပေါ်တွင် ဘလော့ဂါလုပ်ကာ နိုင်ငံရေးများရေးသားခဲ့ရာ ၂၀၀၃ ခုနှစ်တွင် ပရိသတ် ၃၀၀,၀၀၀ ဝင်ရောက်ကြည့်ရှုသည့် အကြီးဆုံးနိုင်ငံရေး ဘလော့တစ်ခုဖြစ်လာသည်။

သူက 'ပြတင်းပေါက်မှ ထွက်ကြည့်ပါ' ဆိုသည် သဘောတရား

mgyoe.com

mgyoe.com


တစ်ခုကို သူ၏ ပရိသတ်များအား ပေးခဲ့သည်။ အိမ်ထဲတွင် ပိတ်မနေဘဲ အပြင်မှဝင်လာသည့် ရိုက်ချက်များကို လက်ခံဖို့ဖြစ်သည်။ အင်တာနက် ပေါ်တွင်ရှိနေသော သဘောတရားများစွာထဲတွင် သူ၏သဘောတရား ပေါက်သွားမည်ဟု သူမထင်ခဲ့ပါ။ "ကျွန်တော်က သူတို့ရဲ့ ကမ္ဘာတွေကို မြင်ချင်တယ်ဗျာ။ ကျွန်တော်က သူတို့ကို ကျွန်တော်မှာ ရှိသမျှအကုန်ပေး ခဲ့တယ်။ ကျွန်တော့်ဘလော့ထဲမှာ လုပ်ပိုင်ခွင့်အကုန်ပေးခဲ့တယ်" ဟု သူက ဆိုသည်။

မကြာခင်မှာပင် သူနှင့်သူ့ပရိသတ်တို့၏ ဆက်ဆံရေးမှာ အရှိန် အဟုန်မြင့်လာခဲ့သည်။ အတ္တလန္တိတ်လစဉ်၏ အွန်လိုင်းမဟာဗျူဟာတွင် သူက အဓိကနေရာမှ ပါဝင်လာသည်။ ဘလော့ထဲသို့ ဝင်ရောက်ကြည့်ရှု နှုန်း ၃၀ ရာခိုင်နှုန်း တက်လာသည်။ နောက်ပိုင်းတွင် သူ့ဘလော့ကို နယူးစ် ဝိခ်နှင့် သည်ဒေးလီးဘိစ်သို့ ရွှေ့လိုက်သည်။ လူတို့သည် သူတို့၏ စိတ်ဝင် စားမှုအပေါ် ဂရုစိုက်သော သူ၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါသည်ဟု ဆိုနိုင်ပေသည်။

အခြားသူများ စိတ်ဝင်စားသည်ကို ဂရုစိုက်ပါဆိုသည့်သဘောတရား ၏ ထိရောက်မှုသည် အခြားသူများက သူတို့အတွက် သူတို့ စဉ်းစားသော အတွေးများပေါ်တွင် အခြေခံထားသည်။ အထူးသဖြင့် အခြားသူများ၏ ကိုယ့်ကိုယ်ကိုယ် စိတ်ဝင်စားမှုအပေါ်တွင် မူတည်သည်ဟု ဆိုရမည်ဖြစ် သည်။ ယင်းကို အချက်နှစ်ချက်ဖြင့် ထုတ်ပြနိုင်သည်။

ပထမအချက်မှာ ကိုယ့်ကိုယ်ကိုယ် စိတ်ဝင်စားခြင်း၏ အရိုးရှင်းဆုံး ပုံစံသည် ကျွန်တော်တို့၏ ဗီဇတွင် ပါဝင်လာသော တိုက်မလား ပြေးမလား ဆိုသော သဘောတရားဖြစ်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။ ထို့ကြောင့် အခြားသူများ စိတ်ဝင်စားသည်ကို ဂရုစိုက်ပါဆိုသည့် သဘောတရားသည် ကျွန်တော်တို့ ဘဝတိုင်းတွင်ရှိနေသော ကိုယ့်ကိုယ်ကိုယ် စိတ်ဝင်စားခြင်း သို့မဟုတ် အတ္တဆန်ခြင်းကိုမငြင်းပယ်ပေ။ လူများစုတို့သည် အချိန်အများ စုတွင် တစ်ဖက်သား၏ သဘောထားကို မေ့လျော့နေတတ်သည့် အချက်ကို ထောက်ပြထားခြင်းသာဖြစ်သည်။ အများစုသည် ကိုယ့်ကိုယ်ကိုယ်စိတ် ဝင်စားမှုကို အတ္တဗဟိုပြုဝါဒအဖြစ် ပြောင်းလဲပစ်လိုက်တတ်သည်။ ထို့

mgyoe.com

mgyoe.com


ကြောင့် ယခုသဘောတရား၏ ထိရောက်မှုသည် အချိန်အများစုတွင် အခြားသူတို့အပေါ် ဘယ်လောက်ဂရုစိုက်နိုင်သလဲဆိုသည့်ပေါ်တွင် မူတည်သည်။ ထိုသို့လုပ်ဆောင်သူမျိုးကို လူအများက ရင်းနှီးချစ်ခင်ကြပြီး ယုံကြည်လာတတ်ကြသည်ကို တွေ့ရပြီးဖြစ်သည်။ ဩဇာလွှမ်းမိုးမှုသည် ယုံကြည်မှုမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ယုံကြည်မှုမြင့်မားလေလေ ဩဇာလွှမ်းမိုးမှု မြင့်မားလေလေဖြစ်သည်။

ဒုတိယအချက်မှာ အဆိုပါသဘောတရားသည် ကိုယ့်အတ္တကို လုံးဝ ငြင်းပယ်လိုက်ခြင်းမဟုတ် ဆိုသည့်အချက်ပင်ဖြစ်သည်။ ကိုယ်ရဲ့ စိတ်ပါဝင်စားမှုကို တခြားသူတွေရဲ့ စိတ်ဝင်စားမှုတွေနဲ့ အစားထိုးလိုက်ပါဟု အဓိပ္ပာယ်မပေါက်သည်ကို သတိပြုပါ။ လက်တွေ့အလုပ်ဖြစ်သည်မှာ အခြားသူတို့၏ စိတ်ဝင်စားမှုများကို ကိုယ်က လိုက်ပါစိတ်ဝင်စားပေးခြင်းသာဖြစ်သည်။ ထိုသို့ လိုက်ပါစိတ်ဝင်စားပေးခြင်းဖြင့် ကိုယ်စိတ်ပါဝင်စားပြီး လုပ်ချင်သောကိစ္စရပ်များလည်း ပြီးမြောက်အောင်မြင်သွားသည်ကို တွေ့ရပါလိမ့်မည်။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဟူသော မြန်မာစကားပုံအတိုင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ မိမိဈေးကွက်ထဲမှ လူများကို ရှင်းရှင်းလင်းလင်းသိရရုံ သို့မဟုတ် မိမိပရိသတ်များကို သေသေချာချာသိရအောင် လေ့လာစိစစ်ရုံတင်မကဘဲ ထိုသူများ၏ စိတ်ပါဝင်စားမှုကို လိုက်ပါဂရုစိုက်ပေးရမည်ဖြစ်သည်။

အန်းရိုက်စ်သည် ဘဝတစ်လျှောက် အုပ်ရေ သန်း ၁၁၀ ကျော် ရောင်းချခဲ့ရသည့် စာရေးဆရာမကြီးဖြစ်သည်။ သူသည် နာမည်ကျော် Interview with a Vampire ဝတ္ထုအပါအဝင် သွေးစုပ်ဖုတ်ကောင်ဝတ္ထုများနှင့် နာမည်ကြီးလာခဲ့သည်။ သူ့ကို ပါရမီထူးသော စာရေးဆရာမဟု ဆိုနိုင်ပါသည်။ သို့သော် သူ၏အောင်မြင်မှုတွင် ပရိသတ်၏စိတ်ဝင်စားမှုကို ဂရုစိုက်ခြင်းသည် ကြီးမားသောအစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ခဲ့သည်။ ရိုက်စ်သည် သူ့ထံလာသမျှ ပရိသတ်တို့၏ အီးမေးလ်မှန်သမျှကို တစ်စောင်မကျန် စာပြန်ခဲ့သည်။ ထိုသို့ ပြုလုပ်နိုင်ရန် အချိန်ပြည့်ဝန်ထမ်း သုံးဦးခန့်ထားရသည်။

သူ၏ တစ်ပါးသူအပေါ်စိတ်ဝင်စားမှုသည် စာအုပ်ရောင်းကောင်းရုံ

mgyoe.com

mgyoe.com

ဟန်ဆောင်ပန်ဆောင် စိတ်ဝင်စားခြင်းမျိုးမဟုတ်ပေ။ "ကျွန်မနဲ့ အတူတူပဲ။ သူတို့မှာလည်း ကျွန်မကို စိတ်ဝင်စားတဲ့ စိတ်ရင်းစေတနာနဲ့ အကြင်နာတရားရှိကြတယ်လေ။ ကျွန်မ မတုံ့ပြန်ဘဲ ဘယ်နေနိုင်မလဲ။ သူတို့ရဲ့စာတွေကို ကျွန်မ အလေးထားတာ၊ သူတို့ကို ကျွန်မအလေးထားတာတွေကို သူတို့ကို ကျွန်မ သိစေချင်တယ်" ဟု သူက ရှင်းပြသည်။

လက်ရှိအချိန်တွင်မူ ရိုက်စ်သည် သူ့ပရိသတ်နှင့် တိုက်ရိုက်ဆက်ဆံနိုင်သော ဖေ့စ်ဘွတ်ခ်တို့၊ တွစ်တာတို့ကို အသုံးပြုနေပြီဖြစ်သည်။ ယင်းတို့နှင့် ပတ်သက်၍ သူက "အရမ်း အံ့သြဖို့ကောင်းတာပဲ။ ကျွန်မတို့အကြောင်းအရာတွေအများကြီး ပြောဖြစ်ကြတယ်" ဟု သူက ဆိုသည်။

ထိုအသိုင်းအဝိုင်းကို ရိုက်စ်က 'စာမျက်နှာပေါ်မှ လူများ' ဟု အမည်ပေးထားသည်။ ဤနေရာတွင် စာမျက်နှာဆိုသည်မှာ အင်တာနက် စာမျက်နှာကို ဆိုလိုခြင်းဖြစ်သည်။ "ကျွန်မတို့အနေနဲ့ ဖေ့စ်ဘွတ်ခ် ဒါမှမဟုတ် အင်တာနက်ကို သူတို့ (ပရိသတ်) တွေနဲ့ တည်ဆောက်ထားတယ်ဆိုတာကို စွဲစွဲမြဲမြဲမှတ်ထားရမယ်လို့ ထင်ပါတယ်။ ဒီလိုစာမျက်နှာဟာ ထူးခြားပြီး အတူမရှိတဲ့ အောင်မြင်မှုတစ်စုံတစ်ရာကို ပေးစွမ်းနိုင်ပါတယ်။ ဒီနေရာမှာ အဓိကကျပြီး စိတ်ကူးစိတ်သန်းကောင်းတဲ့ ဆွေးနွေးမှုတွေ လုပ်နိုင်တာကြောင့် ဒီနေရာလေးကို အရမ်းကျေးဇူးတင်မိတယ်" ဟုလည်း ရိုက်စ်က ဆိုသည်။

ဤသို့ရလဒ်မျိုးသည် ဘလော့ဂါများ၊ စာရေးဆရာများအတွက်သာ ရရှိစေနိုင်သည် မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းရှင်များလည်း ရရှိနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းရှင် စတိဗ်ဘီချန်းက သူ၏နာမည်ကျော် Bass-Ackward Business ဆိုသည့် စာတမ်းတွင် တစ်ဖက်သားကို စိတ်ဝင်တစားရှိမှုကြောင့် အောင်မြင်ခဲ့သည့်အကြောင်းကို ရေးထားသည်။

ဘီချန်းသည် လက်လီအရောင်းဆိုင်ဖွင့်ရာတွင်လည်းကောင်း၊ စွန့်ပစ်ပစ္စည်းများမှ ပြန်လည်သန့်စင်သည့်လုပ်ငန်းကို လုပ်ရာတွင်လည်းကောင်း အရှုံးပေါ်ခဲ့သည်။ နောက်ပိုင်းတွင် အပေါင်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ဖို့ ကြိုးစားခဲ့သည်။ ထိုလုပ်ငန်းမှာလည်း အစပိုင်းတွင် မအောင်မြင်ခဲ့။ သူ၏ ချဉ်းကပ်မှုသည် စကတည်းက မှားယွင်းနေသည်ကို သိရှိနားလည်

mgyoe.com

mgyo.com


သည်အထိ တောင့်ခံထားခဲ့ရသည်။ တစ်နေ့တွင် ကားရပ်နားရာနေရာ၌ အတွေ့မဆန်သော နာမည်ကျော်အနုပညာရှင်တစ်ယောက်နှင့် မမျှော်လင့်ဘဲ တွေ့ဆုံးလိုက်ရာမှ သူတစ်ပါးအပေါ် စိတ်ဝင်စားမှု၏တန်ဖိုးကို သင်ယူခွင့် ရရှိလိုက်သည်။ ထိုအကြောင်းကို သူက ဤသို့ရေးပြခဲ့သည်။

ကျွန်တော် နောက်ထပ်စကားတစ်ခွန်း မပြောခင်မှာဘဲ သူက စပြီး မေးခွန်းတွေမေးလာတယ်။ ဘယ်မှာကြီးပြင်းခဲ့တာလဲ။ ဘာအလုပ်လုပ်လဲ။ အထက်တန်းကို ဘယ်ကျောင်းမှာ တက်ခဲ့တာလဲ။ ကလေးတွေ နာမည် ဘယ်လိုခေါ်သလဲ စသည်ဖြင့်ပေါ့။ ကျွန်တော့်မှာ ဒီအတွေ့အကြုံ အသစ် အဆန်းကြောင့် လေထဲမှာ ၁၀ ပေ လောက်မြောက်ပြီး ကျန်ခဲ့တယ်။ အဲဒီလို သိမ်မွေ့နူးညံ့ပြီး အဓိပ္ပာယ်ဖော်ဆောင်လို့ မရတဲ့နည်းလမ်းတစ်ခုနဲ့ သူဟာ ကျွန်တော့်စိတ်ထဲမှာ မြင့်သည်ထက် မြင့်လာခဲ့တယ်။

ထိုအတွေ့အကြုံအသစ်အဆန်းက ဘီချန်းကို တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာတစ်ခုကို ပေးလိုက်သည်။ ထိုနေ့မှစ၍ သူသည် သူတွေ့သမျှ သူစိမ်းများကိုလည်းကောင်း၊ သိပ်မရင်းနှီးသေးသော အသိအကျွမ်းများ ကိုလည်းကောင်း အသိဉာဏ်နှင့်ယှဉ်သည့် မေးခွန်းများကို စတင်မေးမြန်း တော့သည်။ "အထူးသဖြင့် ကျွန်တော်ဟာ ဘာနှောင်ကြိုးမှ မရှိတဲ့ ပြဿနာ ဖြေရှင်းပေးသူ၊ တိုက်တွန်းအားပေးသူဖြစ်လာဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ ကျွန်တော့် စီးပွားရေးကို စတင်လုပ်ကိုင်လိုက်တဲ့ အချိန်မှာ အဆင်ပြေရုံ တင်မကဘဲ တိုးတက်အောင်မြင်ခဲ့တယ်" ဟု သူက ရေးပြခဲ့သည်။

လအနည်းငယ်အတွင်းမှာပင် ဘီချန်း အောင်မြင်မှုရရှိခဲ့သည်။ အပေါင်လုပ်ငန်းကုမ္ပဏီတစ်ခုကို ထူထောင်နိုင်ခဲ့သည်။ အပေါင်လုပ်ငန်း ဟုဆိုသော်လည်း သူ၏လုပ်ငန်းမှာ ဆယ်စုနှစ်တစ်ခုတိုင် လမ်းညွှန်သည့် လုပ်ငန်းအပေါ်တွင် အခြေခံတည်ဆောက်လာခဲ့သည်။ သူ့ကုမ္ပဏီသို့ နေ့ စဉ်ဝင်လာသော တယ်လီဖုန်းခေါ်ဆိုမှုများ၏ လေးပုံတစ်ပုံသည် အပေါင် လုပ်ငန်းနှင့် လုံးဝမသက်ဆိုင်သော ခေါ်ဆိုမှုများဖြစ်သည်။ ဘီချန်းက လည်း ထိုအချက်ကိုပင် ဂုဏ်ယူမဆုံးပေ။ အဆိုပါခေါ်ဆိုမှုများမှာ "ကျွန် တော့် ကားကို ဘယ်နေရာမှာ ပြင်ရမလဲ" "ကျွန်တော့် ယောက္ခမတွေကို ဘယ်နေရာမှာ ညစာကျွေးရင် ကောင်းမလဲ" "အသက်အာမခံလုပ်ဖို့ ဘယ်

mgyo.com

သူ့ဆီကို တယ်လီဖုန်းဆက်ရမလဲ" စသည့် မေးခွန်းများကို မေးမြန်းကြခြင်းဖြစ်သည်။

ထိုသို့ မေးမြန်းကြခြင်းမှာ သူ့ကို ကျယ်ပြန့်သည့်အသိုင်းအဝိုင်း သို့မဟုတ် လူမှုကွန်ရက်ကို ပိုင်ဆိုင်ထားသည်ဟု ယူဆကြသောကြောင့် ဖြစ်ကြောင်း ဘီချန်းက ရှင်းပြသည်။ 'ကျွန်တော်က သူတို့ကို စီးပွားရေးနဲ့ လုံးဝမပတ်သက်ဘဲ ကူညီတဲ့နည်းလမ်းကို ရရှိခဲ့တယ်။ ဒါကြောင့်လည်း သောရိုး (နာမည်ကြီး အမေရိကန် တွေးခေါ်ပညာရှင်) က 'ကောင်းမှုဟာ ဘယ်တော့မှ မရှုံးတဲ့တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှုပဲလို့ ရေးခဲ့တာပေါ့' ဟု သူက ဆိုသည်။

အလားတူ စိတ်သဘောထားမျိုးသည် ကျွန်တော်တို့ ကြုံတွေ့နေရသော တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရေးတစ်ခုစီထဲတွင် ကိန်းအောင်း၍နေပါသည်။ ပြဿနာကို ကူညီဖြေရှင်းပေးခြင်း သို့မဟုတ် စိတ်အားတက်ကြွအောင် ကူညီပေးခြင်းဖြင့် တစ်ဖက်သား၏ စိတ်ကို လှုံ့ဆော်ပေးနိုင်သည်မှာ ဘယ်လောက် ရိုးရှင်းပါသနည်း။ ဤမျှ ရိုးရှင်းသော လုပ်ဆောင်ချက်သည်ပင်လျှင် ဘီချန်းပြောသော Bass-Ackward Business ပင်ဖြစ်သည်။

ယနေ့ခေတ်တွင် သူတစ်ပါး၏စိတ်ဝင်စားမှုကို လိုက်ပါစိတ်ဝင်စားခြင်းမရှိပါက ရိုးရှင်းစွာပင် အဆင်ပြေလိမ့်မည် မဟုတ်ပေ။ အကြောင်းပြချက်လည်း ပေးနိုင်စရာမရှိပေ။ ယနေ့ခေတ်၏ကလပ်များ၊ အစုအဖွဲ့များ၊ ဒေသတွင်းအဖွဲ့အစည်းများတွင် တက်တက်ကြွကြွ ပါဝင်ခြင်းမရှိလျှင်တောင်မှ မျက်နှာချင်းဆိုင် ဆက်ဆံပြောဆိုရသည့်ကိစ္စများနှင့် များစွာတွေ့ကြုံရမည်သာ ဖြစ်သည်။ ထို့ကြောင့် အခြားသူတို့၏ စိတ်ပါဝင်စားမှု၊ ခံစားချက်၊ စိုးရိမ်ကြောင့်ကြမှုတို့ကို လေ့လာရန် အခွင့်အရေးများစွာ ရှိနေပါသည်။ တစ်နေ့လျှင် ငါးမိနစ်မျှ ဖေ့စ်ဘွတ်ကိုဝင်ကြည့်ပြီး သူငယ်ချင်းသုံးယောက်လောက် တင်ထားသောစာများကို ဖတ်ကြည့်ခြင်း၊ ဝယ်နေကျဖောက်သည် သုံးယောက်လောက်၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြည့်ခြင်း၊ ဝန်ထမ်းသုံးယောက်လောက်၏ဆိုင်ရာ ဘလော့များကို ဝင်ဖတ်ကြည့်ခြင်းဖြင့် အချိန်သိပ်မကုန်လိုက်ဘဲ သူတို့၏အကြောင်းကို သိနိုင်သည်မဟုတ်

mgyoe.com

mgyoe.com

ပါလား။ ယခုမှ စတင်သိကျွမ်းသူများဆိုလျှင်ပင် သူတို့၏ အကြောင်းကို တစေ့တစောင်း မသိနိုင်ပါလား။ ကိုယ်နှင့် စိတ်ဝင်စားတာချင်းတူနေလျှင် နောက်ပိုင်းစကားပြောဆိုရာတွင် ထောက်အကူဖြစ်လာနိုင်ပါသည်။ ထို့ထက်ပို၍ဆိုရလျှင် နောက်ပိုင်းလုပ်ငန်းအတူတူ တွဲလုပ်စရာရှိလာလျှင် များစွာအထောက်အကူဖြစ်နိုင်ပါသည်။ တစ်ယောက်ယောက် အခက်ကြုံနေပြီဆိုလျှင် အားပေးတိုက်တွန်းခြင်း၊ မျှဝေခံစားခြင်းတို့ပြုလုပ်ရန် အခွင့်အရေးတစ်ရပ် ရရှိခြင်းပင်ဖြစ်သည်။ အကယ်၍ ကိုယ်နှင့် အပြန်အလှန် မိတ်ဆွေဖွဲ့ထားသူတစ်ယောက်ဆိုလျှင် ထိုသို့ အားပေးရန် ပိုမလွယ်ကူပါသလော။ အတွေ့အကြုံတိုင်းအတွက် အချိန်တစ်ခု ရင်းနှီးမြှုပ်နှံထားရသလိုပင် မိတ်ဆွေဖြစ်လာသည်နှင့် ယုံကြည်မှုက အလိုလိုပါလာပြီးသားဖြစ်သည်။ ရင်းနှီးကျွမ်းဝင်မှု၏ အရေးပါခြင်းကို ဘယ်သူမှ လျှော့မတွက်ကြပါ။

အခြေခံအကျဆုံးအချက်မှာ တစ်ဖက်သားက ကိုယ့်ကို စိတ်ဝင်စားဖို့ မမျှော်လင့်ခင် ကိုယ်က သူ့အပေါ် ရိုးသားစွာ စိတ်ဝင်စားပေးဖို့ဖြစ်သည်။ စာရေးဆရာ ဂျွန်မက်စ်ဝဲလ်က 'လူတွေဟာ အခြေခံအချက် အားလုံးတူနေရင် ကိုယ်ရင်းနှီးတဲ့လူနဲ့ အလုပ်လုပ်လေ့ရှိတယ်။ မတူရင်လည်း ရင်းနှီးတဲ့လူနဲ့ပဲ လုပ်တာပဲ' ဟု အင်တာဗျူးတစ်ခုတွင် ပြောဖူးသည်။ ပုဂ္ဂိုလ်ခင်မှုတရားမင်သည့် သဘောပင်ဖြစ်သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ကို Like လုပ်ပေးသူများကို ပြန်၍ Like လုပ်ပေးသည် မဟုတ်ပါလား။

အများစုကတော့ တစ်ဖက်သားအပေါ် ကြာကြာစိတ်ဝင်စားပေးဖို့ မဖြစ်နိုင်ဟု ငြင်းကြပါလိမ့်မည်။ ကျွန်တော်တို့၏ အတွေးထဲတွင်၊ ပြောဆိုဆက်ဆံရာတွင် 'ငါ' ဟူသော အတွေးက လွှမ်းမိုးထားသည်သာဖြစ်၏။ ထို့ကြောင့် အခွင့်အရေးရတိုင်း တစ်ဖက်သားအပေါ် စိတ်ဝင်စားမှုကို သင်ယူပါ။ ကိုယ်ပိုင်အချိန်ကို အသုံးပြုမှုပုံစံ နည်းနည်းလေး ပြောင်းလိုက်ခြင်းသည် တစ်ဖက်သားအပေါ် ကိုယ်ကစိတ်ဝင်တစားရှိသည်ကို တစ်ဖက်လူက အသိအမှတ်ပြုသည့်ပုံစံသည် လိုက်ပါပြောင်းလဲလာပါလိမ့်မည်။ အလားတူ ဖောက်သည်များနှင့် ဆက်ဆံသည့် မဟာဗျူဟာကို ယင်းသို့ နည်းနည်းလေးပြောင်းလိုက်ရုံနှင့်ပင် ကုမ္ပဏီ၏ ဈေးကွက်ရရှိမှုပုံစံ ပြောင်းသွားပါလိမ့်မည်။
mgyoe.com

ကိုယ့် ဒီဂျစ်တယ်မီဒီယာကို အလှဆင်ပြီးအချိန်ကုန်မည့်အစား သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ဖောက်သည်တွေအတွက် အချိန်ပေးလိုက်ပါ။ စိတ်ဝင်စားစရာ မှတ်စုတွေတင်ပါ။ အပြန်အလှန်ဆက်ဆံပြီး ကိုယ်က ဘယ်လိုပြဿနာတွေကို ဖြေရှင်းပေးနိုင်မလဲ၊ ဘယ်လိုအားပေးနိုင်မလဲဆိုတာ ရှာဖွေပါ။ ကျွန်တော်တို့သည် သုခနှင့် ဒုက္ခကြားတွင် ရှင်သန်နေကြသူများသာဖြစ်သည်။ ထို့ကြောင့် လူတိုင်းတွင် မျှော်လင့်ချက်ကိုယ်စီရှိကြသည်။ တစ်ဖက်သားအပေါ် ရိုးရိုးသားသား ဆက်ဆံလိုက်သည်နှင့် အဓိပ္ပာယ်ရှိသော ဆက်ဆံရေးဖြစ်လာမည်။ ပို၍တိုးတက်လာလျှင် နှစ်ဦးနှစ်ဖက်အကျိုးရှိသော ပူးပေါင်းလုပ်ကိုင်မှုများ ရှိလာနိုင်သည်။ ယနေ့ခေတ်တွင် ရိုးသားသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသဘောတရားသည် ရောဂါပိုးတစ်ခုလို ကူးစက်ပျံ့နှံ့နေပြီဖြစ်သည်။

❒

mgyoe.com

mgyoe.com

# အခန်း (၂)

## ပြုံးပါ

လက်ဆုပ်လက်ကိုင် မပြနိုင်သောကိစ္စရပ်များတွင် လူတို့၏ သဘောတူညီမှုကိုရရှိရန် ခက်ခဲလှသည်။ နီးလ်အမ်းစထရောင်းသည် ၁၉၆၉ ခုနှစ်တွင် လကမ္ဘာပေါ်သို့ ခြေချခဲ့သည်။ ထိုဖြစ်ရပ် အမှန်တကယ် ဖြစ်ပွားခဲ့သည်ဟု ဗြိတိန်နိုင်ငံတွင် နေထိုင်ကြသူများအနက် ၇၅ ရာခိုင်နှုန်းကသာ လက်ခံကြသည်။ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ကြသူများအနက် ၉၄ ရာခိုင်နှုန်းကသာ လက်ခံကြသည်။ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှားကဲ့သို့သောနိုင်ငံများတွင် နေထိုင်ကြသူများအနက်မှ သုံးပုံတစ်ပုံအောက် အရေအတွက်ရှိသူများကသာ ၉/၁၁ နယူးယောက်နှင့် ဝါရှင်တန် တိုက်ခိုက်ခံရမှုများကို အယ်လ်ခိုင်ဒါတို့ လုပ်သည်ဟု ယုံကြည်ကြသည်။ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူများအနက် ၁၆ ရာခိုင်နှုန်းသည် ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန မျှော်စင်ညီနောင် ပြိုကျသွားရာတွင် လေယာဉ်ဆိုများကြောင့် မီးလောင်ပြိုကျခြင်းမဟုတ်ဘဲ ကြိုတင်ထောင်ထားသော ဗုံးများကြောင့်သာ ပေါက်ကွဲပြိုကျသည်ဟု ယုံကြည်ထားကြသည်။ ဥရောပသမဂ္ဂနိုင်ငံသားများ၏ တစ်ဝက်သာ ဘုရားသခင်ကို ယုံကြည်ကြသည်။ ယုံဖို့ခက်သောလောကကြီးတွင် ကျွန်တော်တို့အားလုံး သဘောတူညီမှုသော အရာတစ်ခုတော့ရှိသည်။ ယင်းမှာ အပြုံးသည် လူမှုဆက်ဆံရေးတွင်

mgyoe.com

mgyoe.com

အရေးပါသည်ဆိုသည့်အကြောင်းပင်။ အမေရိကန် သွားဘက်ဆိုင်ရာ အကယ်ဒမီတစ်ခု၏ စစ်တမ်းအရ လူကြီးပိုင်း ၉၉ ဒသမ ၇ ရာခိုင်နှုန်းက ထိုအချက်ကို လက်ခံကြသည်။ အချက်အလက်အားဖြင့် ငြင်းပယ်စရာ မရှိလှပေ။

ကျွန်တော်တို့သည် အပြုံးများနှင့် တခစ်ခစ်ရယ်သံတို့၏ ဆွဲဆောင်မှုကို ခံကြရသည်။ You Tube ပေါ်တွင် အချိန်တိုင်းအတွက် လူကြည့်အများဆုံး ဗီဒီယိုပြကွက် ၁၀ ခုတွင် ထိပ်ဆုံးနှစ်ခုသည် အပြုံးများနှင့် တခစ်ခစ် ရယ်သံများအကြောင်းဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ တစ်ခုမှ ဗြိတိန်မှ ဖြစ်သည်။ သုံးနှစ်သား ဟယ်ရီလေးသည် သူ့ညီ တစ်နှစ်သား ချာလီနှင့် ကစားနေသည်။ ချာလီက ဟယ်ရီ၏ လက်ကိုဆွဲပြီး လက်ချောင်းလေးကို ကိုက်လိုက်သည်။ ဟယ်ရီက သူ့လက်ကို ပြန်ဆွဲယူလိုက်ပြီး မကြိုက်သည့် ပုံဖြင့် တစ်ချက်အော်လိုက်သည်။ သို့သော် ချာလီလေးက ပြုံးနေသည်။ ချာလီ၏ အပြုံးသည် ဟယ်ရီ့ဆီပါ ကူးစက်သွားပြီးနောက် နှစ်ယောက်လုံး တခစ်ခစ် ရယ်ကြတော့သည်။

နောက်တစ်ပုဒ်မှာ ဆွီဒင်မှဖြစ်သည်။ ထိုပြကွက်တွင် ကလေးလေးသည် မိဘများအသံပြုသည့် ထူးထူးဆန်းဆန်း အသံများကို နားထောင်ရင်း ပြုံးလိုက်၊ တခစ်ခစ်ရယ်လိုက်၊ အော်ရယ်လိုက် လုပ်နေသည်ကိုတွေ့ရမည် ဖြစ်သည်။ တခြားဘာမှမပါဘဲ နှစ်မိနစ်စာမျှရှိသော ထိုရယ်သံလေးများကပင် ကျွန်တော်တို့ကို ဆွဲဆောင်နိုင်ခဲ့သည်။ အပြုံးသည် ကျွန်တော်တို့ လက်ခံရယူလိုသော သတင်းစကားကို ဆောင်ယူလာသည့်အရာပင်ဖြစ်တော့သည်။

အပြုံးသည် မွေးရာပါဖြစ်သည်ဟု The Face: A Natural History စာအုပ်ကိုရေးသော စာရေးဆရာ ဒင်နီယယ်မက်နီးလ်က ရေးသားခဲ့သည်။ သူက လူသားတို့သည် မွေးပြီးပြီးချင်း နှစ်နာရီမှ ၁၂ နာရီအတွင်း ပထမဆုံးအပြုံး ပြုံးသည်ဟု ဆိုသည်။ ထိုအပြုံးသည် အဓိပ္ပာယ်ဖော်ဆောင်မှုတစ်စုံတစ်ရာ ရှိ–မရှိ မည်သူမျှ မသိနိုင်ပါ။ မက်နီးလ်ကတော့ အဓိပ္ပာယ်မပါဟုဆိုသည်။ သို့သော် လေ့လာမှုများကတော့ ယင်းမှာ အရေးပါသော မိခင်နှင့်သားသမီး ဆက်နွှယ်မှုတစ်ခုဟုဆိုသည်။ အပြုံး၏ အရင်းအမြစ်ကို ပြောရာတွင် သဘောမညီမှုများရှိနေသော်လည်း အပြုံး၏ စွမ်း

mgyoe.com

mgyoe.com

အားကို ပြောဆိုရာတွင်မူ ငြင်းခုံမှုမရှိကြပေ။

တရားသူကြီးများသည် ပြုံးသည့်တရားခံနှင့် မပြုံးသည့်တရားခံတို့တွင် ညီမျှသောပြစ်မှုကျူးလွန်ထားသည်ကို တွေ့ရှိလျှင် ပြုံးသောတရားခံကို ပြစ်ဒဏ်လျှော့ပေးကြသည်ဟု မက်နီးလ်က မှတ်တမ်းပြုထားသည်။ ယင်းကို အပြုံးသက်ညှာမှုအကျိုးဟု ခေါ်သည်။

အပြုံးသည် ကူးစက်ပျံ့နှံ့တတ်သည့်သဘော ရှိသည်။ ဟားဗတ်တက္ကသိုလ်နှင့် ကာလီဖိုးနီးယားတက္ကသိုလ် ဆန်ဒီယေဂိုမှ ပညာရှင်များက ယင်းကို လေ့လာခဲ့ကြသည်။ သူတို့က လူပေါင်း ၄၇၃၉ ယောက်ကို ၁၉၈၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ လေ့လာခဲ့သည်။ ထိုသူများသည် လူပေါင်း ၁၂၀၇၆ ယောက် ပါဝင်သော ကွန်ရက်ကြီး၏အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ထိုလူတစ်ယောက်ချင်းစီသည် အဖွဲ့ထဲမှ ပျမ်းမျှ ၁၁ ယောက်စီနှင့် အဆက်အသွယ်ရှိသူများဖြစ်သည်။ အဆက်အသွယ်ရှိသည်ဆိုရာတွင် မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အိမ်နီးနားချင်းများ ပါဝင်သည်။ ထိုသူတို့၏ ပျော်ရွှင်မှုကို သတ်မှတ်စံနှုန်းတစ်ခုထား၍ နှစ်အနည်းငယ်စီခြားပြီး တိုင်းတာခဲ့သည်။ သုတေသီတို့၏ တွေ့ရှိချက်များအရ ပြုံးသောသူသည် လူ့အဖွဲ့အစည်းကို အကျိုးသက်ရောက်မှုရှိကြောင်း တွေ့မြင်ခဲ့ကြရသည်။ သူတို့၏ တွေ့ရှိချက်ကို ဤသို့ သုံးသပ်ကြသည်။

> ပျော်ရွှင်တဲ့သူတွေနဲ့ မပျော်ရွှင်တဲ့သူတွေကို ပါဝင်တဲ့ အုပ်စုကြီးတွေကို ဒီဂရီအားဖြင့် သုံးပိုင်းခွဲလို့ရပါတယ်။ လူတစ်ယောက်ရဲ့ ပျော်ရွှင်မှုဟာ သူ့သူငယ်ချင်းရဲ့ ပျော်ရွှင်မှု၊ သူ့သူငယ်ချင်းရဲ့ သူငယ်ချင်းရဲ့ ပျော်ရွှင်မှု၊ သူ့သူငယ်ချင်းရဲ့ သူငယ်ချင်းရဲ့ သူငယ်ချင်းရဲ့ ပျော်ရွှင်မှုတွေနဲ့ ဆက်စပ်နေပါတယ်။ ပျော်ရွှင်တဲ့သူတွေဟာ သူတို့ရဲ့ လူ့အဖွဲ့အစည်းရဲ့ အလယ်ဗဟိုမှာ ရှိနေတတ်တာ တွေ့ရပါတယ်။ ပြီးတော့ တခြား ပိုကြီးမားပြီး ပျော်ရွှင်တဲ့ လူ့အဖွဲ့အစည်းကြီးတွေထဲမှာ ပါဝင်နေတတ်ပါတယ်။ ဒါ့အပြင် ပျော်ရွှင်တဲ့သူငယ်ချင်းတစ်

mgyoe.com

mgyoe.com


ယောက်တိုးလာတာဟာ လူတစ်ယောက်အတွက် ပျော်ရွှင်နိုင်စွမ်းကို ၉ ရာခိုင်နှုန်း တိုးလာစေတယ်ဆိုတာကို တွေ့ရပါတယ်။ တစ်လမှာ အပိုဝင်ငွေ ဒေါ်လာ ၅၀၀၀ ရရင်တောင်မှ ပျော်ရွှင်နိုင်စွမ်းဟာ ၂ ရာခိုင်နှုန်းပဲ တိုးတာပါ။ အတိုချုပ်ပြောရရင် ပျော်ရွှင်ခြင်းဟာ လူတစ်ယောက်ရဲ့ အတွေ့အကြုံဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုသာ မကပါဘူး လူ့အဖွဲ့အစည်းတွေရဲ့ ဂုဏ်သတ္တိတစ်ခုလည်း ဖြစ်ပါတယ်။

ဒါပေမဲ့ ၂၀၀၃ ခုနှစ်ကနေ ဒီဘက်ပိုင်း ဘဝတွေကရော ဘယ်လိုရှိပါသလဲ။ ဒီဂျစ်တယ်နံရံကြီးတွေ ပိုင်းခြားလိုက်တဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ စိတ်ခံစားမှုတွေ စစ်ထုတ်ခံလိုက်ရပါသလား။ ဘစ်တွေ ဘိုက်တွေရဲ့ ကမ္ဘာ ( the world of bits and bytes) မှာ ပျော်ရွှင်ခြင်းဟာ ကူးစက်နိုင်ပါသေးရဲ့လား။ အဖြေကတော့ ကူးစက်နိုင်ပါတယ်။ အကယ်၍ သူတို့တစ်တွေ ပြုံးတာကို ကျွန်တော်တို့ မြင်ရရင်ပေါ့။

အထက်က စမ်းသပ်ချက်တွေကို လုပ်ခဲ့တဲ့ သူတေသီတွေဟာ ဖေ့စ်ဘွတ်ပေါ်မှာရှိတဲ့ ကောလိပ်ကျောင်းသား ၁၇၀၀ ကို ထပ်ပြီး စူးစမ်းမှုပြုပါတယ်။ သူတို့ရဲ့ အွန်လိုင်းပရိုဖိုင်တွေကို လေ့လာတယ်။ အရင်းနှီးဆုံးသူငယ်ချင်းတွေကို ပိုင်းဖြတ်တယ်။ ပြီးတော့ ဒီတစ်ခါမှာ တစ်ယောက်ချင်းစီရဲ့ ဓာတ်ပုံတွေကို လေ့လာပါတယ်။ ဓာတ်ပုံထဲမှာ ပြုံးတဲ့သူနဲ့ မပြုံးတဲ့သူဆိုပြီး အခြေခံ ခွဲခြားပါတယ်။ ကျောင်းသားတစ်ယောက်ချင်းစီကို မျဉ်းနှစ်ခုပေါင်းဆုံတဲ့ အမှတ်တစ်ခုအဖြစ် ကိုယ်စားပြုစေပါတယ်။ မျဉ်းတစ်ကြောင်းချင်းစီဟာ ဓာတ်ပုံတစ်ပုံထဲမှာအတူ တွဲဖက်ပါဝင်ပြီး tag လုပ်ခံထားရသူ နှစ်ယောက်ရဲ့ အလားတူ ဆုံမှတ်တွေနဲ့ ဆက်သွယ်ထားတာပါ။ ပြုံးနေတဲ့ကျောင်းသား (ပြီးတော့ ပြုံးနေသူတွေ ဝိုင်းရံထားသူ) ကို အဝါရောင် သတ်မှတ်ပါတယ်။ မျက်မှောင်ကြုတ်ထားတဲ့ကျောင်းသား (ပြီးတော့ အလားတူ မျက်နှာထားမျိုးရှိသူတွေ ဝိုင်းရံထားသူ) ကို အပြာရောင် သတ်မှတ်ပါတယ်။ ပြုံးတဲ့ သူငယ်ချင်းတွေ၊ မပြုံးတဲ့ သူငယ်ချင်းတွေ ရောနေသူကိုတော့ အစိမ်းရောင် သတ်မှတ်ပါတယ်။

mgyoe.com

mgyoe.com


ဒီမြေပုံက အဝါရောင်အမှတ်တွေနဲ့ အပြာရောင်အမှတ်တွေ ဘယ်လောက် ခိုင်ခိုင်မာမာ ပေါင်းစည်းနေနိုင်သလဲဆိုတာပြပါတယ်။ အဲဒီမှာ အဝါရောင်အဖွဲ့အစည်းက အပြာရောင်ထက်ပိုများတာကို တွေ့ရပါတယ်။ ဖြည့်စွက်ပြောရမယ်ဆိုရင် မပြုံးတဲ့သူတွေဟာ မြေပုံရဲ့အစွန်အဖျားဘက်ကို ရောက်နေကြပါတယ်။ ဒါဟာ ဒီလူ့အဖွဲ့အစည်းအတွက် အရေးပါတဲ့သူတွေ မဟုတ်ဘူးလို့ ထင်မြင်စရာပါပဲ။ သုတေသီတွေရဲ့ နောက်ဆုံးကောက်ချက်ကတော့ 'အွန်လိုင်းမှာဖြစ်စေ၊ အော့ဖ်လိုင်းမှာဖြစ်ပါစေ သင်ပြုံးနေမယ်ဆိုရင် ကမ္ဘာကြီးကလည်း သင်နဲ့အတူ လိုက်ပြုံးပါလိမ့်မယ်' ဆိုတာပဲ ဖြစ်ပါတယ်။

အဆိုပါ သဘောတရားအတွက် ရိုးရှင်းသောအကြောင်းပြချက် တစ်ခု ရှိပါသည်။ ကျွန်တော်တို့ ပြုံးလိုက်ပြီဆိုလျှင် ကျွန်တော်တို့နှင့်အတူ ရှိနေသူများကို သူတို့နှင့်အတူရှိနေရခြင်း၊ တွေ့ဆုံရခြင်း၊ အပြန်အလှန် ဆက်ဆံရခြင်းအပေါ် ပျော်ရွှင်ကြောင်း သတင်းစကား ပါးလိုက်သလိုပင် ဖြစ်သည်။ သူတို့ကလည်း ကျွန်တော်တို့နှင့် ဆက်ဆံရသည်အပေါ် တစ်ဖန်ပြန်၍ ပျော်ရွှင်ကြောင်း ပြသလာပါလိမ့်မည်။ မျက်မှောင်ကြုတ်၍ စိတ်ရှုပ်နေသော လူတစ်ဒါဇင်လောက်ကြားတွင် ကိုယ့်အပြုံးသည် တိမ်စိုင်တိမ်မည်းတို့ကို ထိုးဖောက်ထွက်ပေါ်လာသော နေရောင်ခြည်နှယ်ရှိနေသည်ကို တွေ့ရပါလိမ့်မည်။ အပြုံးသည် ကောင်းမွန်သောစိတ်ထား၏ ရှေ့ပြေးဆက်သားဖြစ်ပေတော့သည်။

ကျွန်တော်တို့သည် အမြဲတစေ ပြုံးနေနိုင်ကြသူများတော့ မဟုတ်ပါ။ သို့တိုင် ပြုံးနိုင်အောင် ကြိုးစားရပါမည်။ ပြုံးခြင်းသည် ပတ်ဝန်းကျင်ရှိ လူများကို ပျော်ရွှင်စေရုံသာမကဘဲ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်၍ ပျော်ရွှင်စေနိုင်သောကြောင့် ဖြစ်သည်။ ကျွန်တော်တို့သည် အမြဲတမ်း ရွှင်မြူးတက်ကြွ သန့်စွမ်းနေသူများမဟုတ်ပါ။ သို့သော် ရိုးရှင်းသောအပြုံးတစ်ခုကို နည်းနည်းလေး အားထုတ်လိုက်လျှင် အံ့သြစရာ ရလဒ်တစ်ခု ပြန်လည်ရရှိလာမည်သာဖြစ်သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း နှုတ်ဖြင့်ပြောဆိုဆက်ဆံသည့် နေရာတွင် အီးမေးလ်နှင့် စာသားပေးပို့မှုတို့ ဝင်ရောက်နေရာယူလာကြသည်။

mgyoe.com

သို့ဖြင့် ကျွန်တော်တို့သည် စိတ်ခံစားမှုတို့ ခန်းခြောက်နေသော ကန္တာရထဲသို့ ရောက်ရှိခဲ့ရသည်။ ခေတ်ပေါ်နစ်ဖက်တိုင်း ဆက်သွယ်ရေးကြားခံပစ္စည်းများသည် ကျွန်တော်တို့ကို အပြုံး၏အရေးပါမှုကို မေ့ပျောက်စေခဲ့သည်။

ယနေ့ခေတ် အီးမေးလ်နှင့် စာသားပေးပို့မှုတို့သည် တစ်ချိန်က ကြေးနန်းဆက်သွယ်မှုကဲ့သို့ပင် ဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင် ကြေးနန်းဆက်သွယ်မှု အထွတ်အထိပ်သို့ရောက်ရှိခဲ့ပြီး ထိုနှစ်မှာပင် ကြေးနန်းအစောင် သန်း ၂၀၀ ကျော် ပို့လွှတ်ခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ် ဧပြီလနောက်ပိုင်းတွင် တစ်နေ့လျှင် အီးမေးလ်ပေးပို့မှု ဘီလျံ ၃၀၀ နီးပါးရှိလာခဲ့ပြီဖြစ်သည်။ တစ်နေ့တစ်နေ့ အမှာစကားပေးပို့မှုများ၊ ချက်ချင်း ဆက်သွယ်ရေးသားပြောဆိုမှုများ၊ ဖေ့စ်ဘွတ်နံရံကပ်စာသားများသည် တောင်ပုံရာပုံ ရှိနေသည်။ မင်းမဲ့စရိုက်ဆန်ဆန် ဖြစ်မလာသည်မှာပင် အနည်းငယ်အံ့အားသင့်စရာဟု ဆိုရမည်။

အပြုံး၏ ကောင်းမှုအကျိုးသည် ကျွန်တော်တို့၏ အမှာစကားတို့ကို တစ်စုံတစ်ရာ ရှင်းလင်းချက်ပေးသည်ထက် ပို၍ ကောင်းမွန်သော အကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ စာသားဖြင့် အမှာစကားပေးပို့ရာတွင် ကီးဘုတ်ပေါ်မှ သင်္ကေတများကိုသုံးပြီး ပြုံးခြင်းသည်ပင်လျှင် ဤသို့အကျိုးကို ပေးနိုင်သည်။ သို့သော် ပုံမှန်ကွန်ပျူတာ ကီးဘုတ်ပေါ်မှ သင်္ကေတများဖြင့် တည်ဆောက်ထားသည့် အီမိုတီကွန်များ (emoticons) သည် ကျွန်တော်တို့၏ စိတ်ခံစားမှုအားလုံးကို ပေါ်လွင်အောင် မဖော်ပြနိုင်ဘဲ အကန့်အသတ်ရှိကြောင်း တွေ့လာကြရသည်။

ထိုအကန့်အသတ်ကို မြင်တွေ့လာကြသော ဂျပန်ဆဲလ်ဖုန်းကုမ္ပဏီကြီး သုံးခုဖြစ်သည့် NTT DoCoMo, au နှင့် Soft-Bank Mobile တို့က စိတ်ခံစားမှုကိုဖော်ပြသော အီမိုးဂျီ (emojis) ဟုခေါ်သည့် အရောင်များပါသည့် သင်္ကေတရုပ်ပုံလေးများကို တီထွင်လိုက်သည်။ ထိုသင်္ကေတလေးများကို ဂူးဂဲလ်က မွေးစားလိုက်ပြီး သူ၏ အီးမေးလ် ပလက်ဖောင်းပေါ်တင်လိုက်သည်။ နောက်တော့ အိုင်ဖုန်းများပေါ်သို့ပါ ရောက်လာသည်။ ထိုသင်္ကေတများသည် ချစ်စဖွယ်ကောင်းသည့်တိုင် ဘုတ်အဖွဲ့ဝင်များထံသို့ ပို့သည့် အမှာစကား၊ ပြဿနာတက်နေသော ဝန်ထမ်းတစ်

mgyoe.com